ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (5-9-2010) (၆၅၁၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးလုပ်ငန်းများနှင့် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း လမ်းတိုးချဲ့ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် မော်တော်ယာဉ်ဖြင့် ချောက်မြို့မှ ထွက်ခွာလာပြီး မန္တလေးတိုင်းဒေသကြီး လက်ပံခြေပေါ် ဘက်ကမ်းရှိ ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာချုပ်(တံတား) ဦးရွှေလေးက တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ Pile Cap၊ Pile Shalt နှင့် Cross Beam များ တည်ဆောက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ဧရာဝတီတံတား (ပခုက္ကူ)

ပင်မ တံတားအရှည် ၁၁၄၃၁ ပေရှိ ရထားလမ်းနှင့် ကားလမ်း နှစ်လမ်းပါ ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

ဖွံ့ဖြိုးတိုးတက်လာသော အင်ပူမြို့နယ်က ထူးကြီးမြို့သို့ လေ့လာရေးခရီးတစ်ခေါက်

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ - ရဲထွဋ်(သတင်းစဉ်)

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်သို့ ရောက်ခိုက် ယခင်နှင့်မတူ ဖွံ့ဖြိုးတိုးတက်နေသော ထူးကြီးမြို့သို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

မြို့ပြ၏ မွန်းကျပ်မှုများမှ ခေတ္တရှောင်ဖယ်၍ ကျေးလက်၏ ရင်ခွင်သို့ ပြေးဝင်ခိုလှုံခိုက်တွင် မျက်စိတစ်ဆုံး ရှုမျှော်မဆုံးနိုင်သော စိမ်းမြမြ စပါးခင်းကြီးများ၊ သစ်ရိပ်ဝါးရိပ်တို့၏ စိမ်းစိမ်းစိုစို မြင်ကွင်းစုံတို့ကြောင့် ကြည်နူးလန်းဆန်းလှပါဘိသည်။

သို့ဖြစ်လင့်ကစား ဖွံ့ဖြိုးတိုးတက်မှုကား ကျေးလက်နှင့် မြို့ပြ မခြားနားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရ၏။ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၏ ကြီးကြပ်စီစဉ်ပံ့ပိုးမှုဖြင့် အင်္ဂပူမြို့နယ်ရှိ တိုက်နယ်နှင့် ကျေးရွာတို့ကား ကဏ္ဍအလိုက် တစ်ပြေးညီ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။ မဲဇလီကုန်း တိုက်နယ်ကျေးရွာသည်လည်း အင်္ဂပူမြို့နယ်နှင့် မခြားနား တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးနေ၏။

ခမ်းနားထည်ဝါပြီး ပရိသတ် ၁၀၀၀ကျော်ဆံ့ ဗိုလ်အောင်ကျော် ခန်းမကို ၂၀၀၆ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

လူ ၆၀၀ ကျော် ဝင်ဆံ့သော ထူးကြီးမြို့ မြို့တော်ခန်းမကြီးကလည်း မြို့ကျက်သရေဂုဏ်ကို ဖော်ဆောင်လျက်ရှိသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၄-၉-၂၀၁၀)

ရေး	၃	ဒသမ	၃၅	လက်မ
လောင်းလုံ	၃	ဒသမ	၂၇	လက်မ
ထားဝယ်	၃	ဒသမ	၁၅	လက်မ
ဖျာပုံ	၂	ဒသမ	၈၃	လက်မ

၅-၉-၂၀၁၀
(တနင်္ဂနွေနေ့)

မူးယစ်ကင်းစင် လူမှုဝန်းကျင် ကျန်းမာပျော်ရွှင်

မူးယစ်ဆေးဝါးပြဿနာသည် ဒေသမရွေး၊ နိုင်ငံကြီးငယ် ဆင်းရဲချမ်းသာမရွေး အန္တရာယ်ကြီးမားလှသော ခြိမ်းခြောက်မှုတစ်ခုဖြစ်နေသည်။ အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအမျိုးမျိုး ပျံ့နှံ့သုံးစွဲလျက်ရှိရာ နိုင်ငံအလိုက် ကောင်းကျိုးမပေး မူးယစ်ဆေး တားဆီးနှိမ်နင်းရေး အလေးထား လုပ်ဆောင်နေကြပေပြီ။

ဘိန်းဖြူ ဘိန်းဆီ၊ ဘိန်း၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားများ ကမ္ဘာတစ်ဝန်း၌ သုံးစွဲမှု ကျယ်ပြန့်လာလျက်ရှိသည်။ မူးယစ်ဆေးဝါးသည် ကိုယ်တိုင်သုံးစွဲသူများကိုသာမက ယင်းတို့နှင့် နှီးနွယ်ဆက်စပ်နေသည့် မိသားစုများကိုပါ ဆိုးကျိုးများ ဖြစ်ပေါ်စေပေသည်။

အလားတူ မူးယစ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်နေသော လူမှုပတ်ဝန်းကျင်ကို ညှိုးနွမ်းပျက်သုဉ်းစေရန် ခြိမ်းခြောက်ရိုက်ခတ်လျက်ရှိသည်။ စီးပွားရေး၊ လူမှုရေးများ ထိခိုက်ပျက်စီး ဆုံးရှုံးစေသည်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအလိုက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နည်းလမ်းအသွယ်သွယ်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်း၍ မူးယစ်ဆေးဝါးပပျောက်ရေး လက်တွဲဆောင်ရွက်နေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်း ချမှတ်ဖော်ဆောင်နေသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလအတွင်း နှစ်အလိုက်ကြိုးပမ်းလျက်ရှိရာ ခရီးရောက်အောင်မြင်မှုများ ရရှိနေပြီ။ မူးယစ်ဆေးဝါးသုံးစွဲမှုများသည် ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်လျက်ရှိရာ သယ်ဆောင်ရောင်းဝယ် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူလျက်ရှိသည်။

တစ်ဖက်မှလည်း ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသများရှိ ဘိန်းခင်းများကို ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျက်ဆီးနိုင်လျက်ရှိသည်။ ၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများကို ရှာဖွေဖျက်ဆီးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၀ ခုနှစ် ဩဂုတ် ၁၃ ရက်အတွင်း ဘိန်းခင်းဧကပေါင်း နှစ်သောင်းကျော်ကို ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်သည်။

မူးယစ်ဆေးဝါးများသည် လူသားများ၏ ဘဝကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းနေကြပြီ။ နိုင်ငံတော်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိရာ မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်တွင် ပြည်သူတိုင်း ကျန်းမာပျော်ရွှင်နိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

LIFT နှင့် NEDO တို့မှ ညှိအဖွဲ့များ ဝန်ကြီး ဦးဌေးဦးအား လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေး မတည်ရန်ပုံငွေ (Livelihood and Food Security Trust Fund - LIFT) ၏ Donors Consortium Chairmanအဖြစ် ခန့်အပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Christoph Burgenerသည် LIFT စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် အလှူရှင်များကိုယ်စား Mr. Paul Whittingham, Head of Department for International Development (DFID), Embassy of United Kingdom, Myanmar နှင့်အတူ စက်တင်ဘာ ၁ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization(NEDO)၏ဗန်ကောက်ရုံးမှ တာဝန်ခံ Mr.KOICHI EGUCHI နှင့် Mr.HIRONORI KAWAMURA တို့သည် စက်တင်ဘာ ၂ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO)၏ ဗန်ကောက်ရုံးမှ တာဝန်ခံ Mr. KOICHI EGUCHI နှင့် Mr. HIRONORI KAWAMURA တို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မိတ္ထီလာအထက(၁) ပညာရည်ချွန်ဆုပေး

မိတ္ထီလာ စက်တင်ဘာ ၄

မိတ္ထီလာမြို့ အထက(၁)၏ ၂၀၀၉-၂၀၁၀ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၈ ရက်က အထက(၁) ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးထွန်းရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရ မအိအိမွန်အား မြို့နယ်ပညာရေးမှူး ဦးထွန်းရီက ပညာရည်ချွန်ဆုပေးအပ်ပြီး **(အပေါ်ပုံ)** ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ကိုးဦးအား ချီးမြှင့်ငွေပေးအပ်ဂုဏ်ပြုသည်။ မိတ္ထီလာအထကမှ ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦး၊ ငါးဘာသာ ကိုးဦး၊ လေးဘာသာ ၁၂ ဦး၊ သုံးဘာသာ ၂၃ ဦး၊ နှစ်ဘာသာ ၄၁ ဦးနှင့် တစ်ဘာသာ ၁၉၇ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၈၃ ဦးတို့ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည်။

(၁၁၁)

Singapore JCU Scholarship အတွက် အခမဲ့ဝင်ရောက်ဖြေဆိုနိုင်

ရန်ကုန် စက်တင်ဘာ ၄

စင်ကာပူနိုင်ငံရှိ James Cook University(JCU)တွင် မဟာဘွဲ့ တက်ရောက်မည့် သူများအတွက် JCU က မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် စကောလားရှစ် ပေးအပ်သွားမည်ဖြစ်ရာ အောက်တိုဘာလတွင် JCU သို့ MBA (Master of Business Administration), MIT (Master of Information Technology) နှင့် Joint Master Degree ဖြစ်သည့် MBA+ MIT (16 months) အပါအဝင် မဟာတန်းများအတွက် ကျောင်းဝင်ခွင့် လျှောက်ထားမည့်သူများထဲမှ ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ JCU တွင် Master တန်းများသို့ တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘွဲ့တစ်ခုသာ ရရှိရန်လိုအပ်ပြီး လုပ်ငန်းအတွေ့အကြုံနှင့် အခြားသော စာမေးပွဲများ ဖြေဆိုရန် မလိုကြောင်း၊ အင်္ဂလိပ်စာအရည်အချင်းစစ် IELTS / TOEFL မရှိသူများအနေဖြင့် JCU မှစစ်ဆေးသော Internal English Test ကို Future Way Office တွင် ဖြေဆိုရမည်ဖြစ်ကြောင်း၊ စင်ကာပူ JCU မှ စကောလားရှစ်ရသူများသည် ($$ 4000-8000) ရရှိမည်ဖြစ်ပြီး စကောလားရှစ် စာမေးပွဲကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ Park Royal Hotel,Ball Room(3)၌ ကျင်းပမည်ဖြစ်ကြောင်း၊ စာမေးပွဲ ကျင်းပအပြီးတွင် JCU နှင့် ပတ်သက်သည့် ပညာရေးဆွေးနွေးပွဲကို ညနေ ၄ နာရီမှ ၅ နာရီအထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းစကောလားရှစ် စာမေးပွဲတွင် General Knowledgeနှင့် Multiple Choice မေးခွန်းများ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအကြိုအဖြစ် Future Way Education & Services မှ ဆရာ၊ ဆရာမများက အခမဲ့ သင်တန်းပို့ချပေးမည်ဖြစ်သည့်အပြင် Singapore JCU သို့ အောက်တိုဘာလ Master တန်းကျောင်းဝင်ခွင့်အတွက် Future Way Education & Services မှ တစ်ဆင့် ကျောင်းအပ်နှံသူတိုင်းအား လေယာဉ်လက်မှတ် (One Way Ticket) ကိုပါ အခမဲ့ပေးမည်ဖြစ်သည်။ ထို့အပြင် အထူးအစီအစဉ်အဖြစ် စင်ကာပူနိုင်ငံ JCU မှ Mr.Det Fischer သည် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီမှ ၁၂နာရီအထိ တစ်ဦးချင်း ဆွေးနွေးလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် Future Way ရုံးခန်းတွင် တစ်ဦးချင်း အသေးစိတ် ဆွေးနွေးပေးမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမှတ်(၉) အခန်း(၆) (အေ) ယောမင်းကြီးလမ်းသွယ် (သမ္မတရုပ်ရှင်ရုံဘေး) သမ္မတ ကွန်ဒိုရှိ Future Way Education & Services ဖုန်း-၀၁-၂၄၁၀၉၉ နှင့် ၂၅၄၁၈၅တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းပြီး စာမေးပွဲအကြို ပြင်ဆင်မှုသင်တန်းကို အခမဲ့တက်ရောက်နိုင်သည်။

စင်ကာပူJCUတွင် တစ်နှစ်တက်ရောက်ပြီးပါက ဩစတြေးလျသို့ ကျောင်းပြောင်းတက်နိုင်ကြောင်း၊ Undergraduate တန်းများသည် နှစ်နှစ်နှင့် Master Degree တန်းများသည် တစ်နှစ် တက်ရောက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် Singapore JCUမှ ကျောင်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စင်ကာပူတွင် အလုပ်ရှာဖွေနေထိုင်ခွင့် EPEC(Employment Pass Eligibility Certificate) တစ်နှစ်ကို လျှောက်ထားရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောင်းမြခရိုင် ငါးလုပ်ငန်း စပါးခင်းများသို့ ငါးမျိုးများစိုက်ထည့်

မြောင်းမြ စက်တင်ဘာ ၄

မြောင်းမြခရိုင်၏ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးစိုက်ခင်းများသို့ ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၈နာရီခွဲတွင် စပါးစံပြစိုက်ခင်းကျုံဝါးအထွက်တိုးစခန်းရှိ လယ်သမားကြီး ဦးသိန်းဆိုင်ထွန်း၏ စပါးခင်း၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်က စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြောင်းမြခရိုင် ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်နှင့် ဝန်ထမ်းများ၊ ဒေသခံ တောင်သူလယ်သမားများက စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

၂၀၁၀-၂၀၁၁ ခုနှစ် မြောင်းမြခရိုင် အတွင်းရှိ မိုးစပါး ၅၀၆ ဧကအတွက် မြောင်းမြခရိုင်ငါးလုပ်ငန်းဌာနမှ ငါးခုံးမကြီး ၁၉၈၀၀၀၊ တီလားပီးယား ၄၀၀၀၀၊ ရွှေဝါငါးကြင်း ၁၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၅၃၀၀၀ စိုက်ထည့်ပြီးဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲကို မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်း၊ အထက (၁) ကျောင်းအုပ်ဆရာကြီး ဦးစိုးလွင်၊ အထက (ခွဲ) တော်ခရမ်းကြီး ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်လတ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မြင့်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

✻ ဧရာဝတီတံတား(ပခုက္ကူ)မှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေး နေ့/ညမပြတ်ဆောင်ရွက်ရန်၊ တံတားသံပေါင်များ ကြိုတင်ရောက်ရှိ အစီအမံများ ကြိုတင်ဆောင်ရွက်ထားရန်၊ တံတားတည်ဆောက်ရေးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ထားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မှာကြား

ဆက်လက်၍ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း တံတားတိုင်လုပ်ငန်းများ၊ Pile Cap နှင့် Pile Shalt များ တည်ဆောက်နေမှုနှင့် ချဉ်းကပ်တံတား တည်ဆောက်နေမှုအခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ဧရာဝတီတံတား(ပခုက္ကူ) အမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်၊ အောက်ထည် သံကူကွန်ကရစ်ဘိုးပိုင်နှင့် စုစုပေါင်း ကားလမ်းအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းအရှည် ၁၉၄၀၃ ပေ၊ ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ပေ ၃ လက်မစီနှင့် တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေ ပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း အတက်ကားလမ်း တိုးချဲ့ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ချဉ်းကပ်တံတားအရှည် ၆၁၂ ပေနှင့် ချဉ်းကပ်တာပေါင်လမ်း ပေ ၈၅၀ တည်ဆောက်ပြီးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို တံတားကြီးတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၈) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အမှာစကား ပြောကြားပြီး သင်တန်းတွင် စံပြဆုနှင့် ဖွဲ့လုံ့လဆု ရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) ဆင်းပွဲအခမ်းအနားတွင် သင်တန်းသား တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	တေးဂီတအစီအစဉ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	"လှေကားသုံးထစ်ဆင်းတဲ့အခါ"
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၄၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၀)**
၁၂း၄၀	၅။	Golf Magazine (TV)
၁း၀၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "ရွှေရည်ဝင်းတဲ့ လင်းရောင်ခြည်" (ဖြိုးငွေစိုး၊ ဇော်ဝင်းမောင်၊ လင်းဇာနည်ဇော်၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-မိုက်တီး)**
၂း၁၀	၇။	ရောင်စုံရေးသီတေးပန်းချီ
၂း၂၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၂း၃၀	၉။	အဆိုပြိုင်ပွဲ
၂း၅၀	၁၀။	International News
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဧသာယူနိုက်တက်FC နှင့် မကွေး FC)
၅း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	၃။	တေးဂီတအစီအစဉ်
၅း၄၀	၄။	"ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေဇမ္ဗူဒီပဗိမာန်တော်"
၆း၀၀	၅။	ညနေခင်းသတင်း
၆း၁၅	၆။	မိုးလေဝသအခြေအနေ
၆း၂၀	၇။	ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၂၇)
၆း၄၀	၈။	တစ်မျက်နှာတစ်ကွက်စာ "အမရာ့ဝမ်းစာ" (မိုးထက်ပိုင်၊ ပြည့်ဖြိုး၊ ရန်နိုင်၊ ဆုပန်ထွာ၊ ပွင့်နဒီမောင်) [ဒါရိုက်တာ-မေတင် (MMG)]
၇း၀၀	၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၁၂)**
၈း၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒရော၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
	၁၄။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ"(အပိုင်း-၅၇)**
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၁၈)**
	၁၆။	အစီအစဉ်ပြီး၏။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ စားဖိုမှုူးကြက်သားမှုန့် ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ ပန်းတိုင်စားသောက်ကုန် လုပ်ငန်းက အချိုမှုန့်အစားထိုး စားသောက်ကုန်ဖြစ်သည့် စားဖိုမှုူး ကြက်သားမှုန့်နှင့် Goal Seasoning Powderတို့ကို ပြသရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးထုတ်လုပ်သည့် စားဖိုမှုူးကြက်သားမှုန့်နှင့် Goal Seasoning Powder တို့တွင် ပါဝင်သည့် ကုန်ကြမ်းများ၌ သကြားတစ်မျိုးတည်းကိုသာ ပြည်တွင်း၌ရရှိပြီး ကျန်ကုန်ကြမ်းများကို ပြည်ပမှ မှာယူတင်သွင်းခြင်းဖြစ်သည်။ မလေးရှားနည်းပညာဖြင့် ထုတ်လုပ်ထားပြီး MSG အချိုမှုန့် ပါဝင်မှုမရှိပါ။ပြည်ပမှ ကြက်သားမှုန့်များထဲတွင် အချိုမှုန့် ၂၀ မှ ၂၆ ရာခိုင်နှုန်းပါဝင်သည်ကို တွေ့ရှိရသည်။

ထို့အပြင် ပန်းတိုင်စားသောက်ကုန် လုပ်ငန်းကထုတ်လုပ်သည့် စားသောက်ကုန်များတွင် အရောင်ဆိုးဆေး၊ ဆေးသကြားနှင့် စားသုံးသူကို စွဲလမ်းပြီး စားပြီးရင်း စားချင်စိတ်ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများ မပါဝင်ဘဲ သဘာဝထွက် ကုန်ကြမ်းများကိုသာ သုံးစွဲထားသည်။ ပြည်ပမှ တင်သွင်းလာသည့် ကြက်သားမှုန့် ဈေးနှုန်းထက် ဈေးချိုသာသည့် ဈေးနှုန်းဖြင့်ရောင်းချလျက်ရှိသည်။

သက်သတ်လွတ် စားသုံးလိုသူများအတွက် Goal Seasoning Powder ကိုစားသုံးနိုင်ပြီး ဆား၊ သကြား အပါအဝင် အချိုဓာတ်ကို ပေးစွမ်းနိုင်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဂေါ်ဖီ၊ ကြက်သားအရသာ အစရှိသည့် သဘာဝအချိုဓာတ်များ ၉၅ ရာခိုင်နှုန်းကျော် ပါဝင်ပြီး ကမ္ဘာ့အဆင့်မီ ထုတ်လုပ်ထားသည်။ မြန်မာနိုင်ငံရှိ ဟိုတယ်ကြီးများနှင့် စားသောက်ဆိုင်များမှ ယနေ့တိုင် မှာယူသုံးစွဲလျက်ရှိသည်။ အချိုမှုန့်၏ ဘေးထွက်ဆိုးကျိုးများကို ကြောက်ရွံ့သူများနှင့် မိမိမိသားစုကျန်းမာရေးကို လေးစားလိုက်နာကျင့်ကြံနေထိုင်သူများအတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။

ပန်းတိုင် စားသောက်ကုန်လုပ်ငန်း အမှတ်(၂၉၂၄/၂၉၂၅)စက်မှုလမ်း (၆၃) ရပ်ကွက် စက်မှုဇုန်(၂) တောင်ဒဂုံ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၈၁၀၀၁၀၃၊ ၅၆၂၇၆၁ နှင့် ၇၃၀၀ ၉၁၃၈ တို့သို့ ဆက်သွယ်မှာယူ ရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲတွင် ပန်းတိုင်စားသောက်ကုန်လုပ်ငန်းမှ အချိုမှုန့် အစားထိုး စားဖိုမှုူးကြက်သားမှုန့်နှင့် Goal Seasoning Powder ၏ နောက်ဆုံးပေါ် ထုတ်ကုန်များကို မိတ်ဆက်ပြသပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။ (သတင်းစဉ်)

လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ရွှေလမင်းနဂါးကုမ္ပဏီ ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၃ရက်မှ ၆ ရက်အထိ လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ Acer ၏ မြန်မာပြည်တရားဝင်ကိုယ်စားလှယ် ရွှေလမင်းနဂါးကုမ္ပဏီက Acer ၏ နောက်ဆုံးပေါ် ထုတ်ကုန်များကို မိတ်ဆက်ပြသ၍ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ပြပွဲတွင် Acer ၏ More Than (8) Hours Battery Life ရသည့် Time line Series Notebook များ၊ Core i Series Notebook များ၊ Core i Series Desktopများကို အထူးဈေးလျှော့ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ပြပွဲတွင် လာရောက်ဝယ်ယူအားပေးသူများအတွက် အထူးလက်ဆောင်များ ပေးလျက်ရှိပြီး ကံစမ်းမဲအစီအစဉ်အဖြစ် ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ Discount ပေးမည့် အစီအစဉ်လည်း ပါဝင်သည်။

ဝယ်ယူအားပေးသည့် Acer Customer များအတွက် ဝန်ဆောင်မှုပေးနိုင်ရန် Service Centre များကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် လမ်းသစ်လမ်းထောင့် အမှတ်(၅၇၀)တွင် လည်းကောင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၃၇၆) ပန်းဆိုးတန်းမှတ်တိုင်အနီးတွင် လည်းကောင်း၊ မန္တလေးမြို့ အမှတ်(A-3) ၇၈ လမ်းမကြီး (၃၂ လမ်းနှင့် ၃၃ လမ်းကြား) ချမ်းအေးသာစံမြို့နယ်တွင် လည်းကောင်း ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော လူသုံးကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲတွင် ရွှေလမင်းနဂါးကုမ္ပဏီမှ Acer ၏ နောက်ဆုံးပေါ်ထုတ်ကုန်များကို မိတ်ဆက်ပြသပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။ (သတင်းစဉ်)

ဇွန်လအတွင်းက ကျင်းပခဲ့သည့် အာဖဂန်နစ္စတန်ရိုးရာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဂျီရ်ဂါတွင် လူမျိုးစုခေါင်းဆောင်များအား မိန့်ခွန်းပြောကြားနေသော သမ္မတ ကာဇိုင်း။

အာဖဂန်နစ္စတန်၌ ငြိမ်းချမ်းရေးအဖြေရှာရန် ကော်မတီတစ်ရပ် သမ္မတဟာမစ်ကာဇိုင်း ဖွဲ့စည်း

ကဘူး စက်တင်ဘာ ၄ - အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးအတွက် တာလီဘန်များနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် အာဖဂန်နစ္စတန် သမ္မတဟာမစ်ကာဇိုင်း ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်ကြောင်း သမ္မတရုံးက ထုတ်ဖော်ပြောကြားသည်။

ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တစ်ခုအတွင်းက စစ်သွေးကြွများနှင့် စေ့စပ်ညှိနှိုင်းရန်အတွက် လူမျိုးစုခေါင်းဆောင်များက ပြီးခဲ့သည့် ဇွန်လအတွင်း အဆိုပြုခဲ့ကြပြီးနောက် ယင်းအစီအစဉ်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ကိုးနှစ်တာကာလအတွင်း တာလီဘန်များသည် အမေရိကန် ကျောထောက်နောက်ခံပြု အစိုးရအဖွဲ့ကို လည်းကောင်း၊ အင်အား ၁၃၀၀၀၀ ခန့်ရှိသော နိုင်ငံခြားတပ်များကိုလည်းကောင်း ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

အဆင့်မြင့် ငြိမ်းချမ်းရေးကောင်စီ ဖွဲ့စည်းခြင်းသည် "ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ရှေးရှုသည့် အရေးပါသော ခြေလှမ်းတစ်ရပ်" ဖြစ်ကြောင်း သမ္မတရုံးက ပြောကြားသည်။

တာလီဘန်တိုက်ခိုက်ရေးသမားများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို စွန့်လွှတ်၍ နိုင်ငံရေး လုပ်ငန်းစဉ်များ၌ ပါဝင်လာစေရန် လိုလားကြောင်း အမေရိကန်ကလည်း ရှေးမဆွကပင် သဘောထား ထုတ်ဖော်ပြသခဲ့သည်။

လက်နက်ကိုင် ဆန့်ကျင်ရေးသမားဟောင်းများပါ ပါဝင်မည့် ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင် စာရင်း အသေးစိတ်ကို လာမည့်ရက်သတ္တပတ်အတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သမ္မတရုံး၏ ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။ ***အေအက်ဖ်ပီ။***

အမေရိကန်နှင့်ဥရောပတွင် အကြမ်းဖက်မှုများ လုပ်ဆောင်မည်ဟု ပါကစ္စတန်တာလီဘန်အုပ်စု ခြိမ်းခြောက်

အစ္စလာမ္မာဘတ် စက်တင်ဘာ ၄

တာရစ်ခ်အီး တာလီဘန် ပါကစ္စတန်ခေါ် ပါကစ္စတန် တာလီဘန်အကြမ်းဖက်အုပ်စုမှ အသေခံဗုံးခွဲ အုပ်စုများ ခေါင်းဆောင် ကာရီဟူစိန်မာဆွတ်က တိုင်းစကွဲလမ်းဆုံ ဗုံးခွဲရန် ကြံစည်မှုနှင့် အလားတူအကြမ်းဖက်တိုက်ခိုက်မှုများကို အမေရိကန်နှင့် ဥရောပတစ်လွှားတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၃ ရက်က ပြောကြားသည်။

ပါကစ္စတန် တာလီဘန်အဖွဲ့ကို အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်အုပ်စု စာရင်းသို့ စက်တင်ဘာ ၂ ရက်က ထည့်သွင်းခဲ့ပြီးဖြစ်သည်။ အဆိုပါ အကြမ်းဖက်အုပ်စုသည် စက်တင်ဘာ ၃ ရက်က ဖြစ်ပွားသော လူ ၆၅ ဦးသေဆုံး၍ ၁၅၀ ခန့် ဒဏ်ရာရခဲ့သည့် ပါကစ္စတန်နိုင်ငံ ကွတ်တားမြို့အသေခံဗုံးခွဲ တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သော အကြမ်းဖက်အဖွဲ့ဖြစ်သည်။

ပါကစ္စတန် တာလီဘန်အုပ်စုသည် အမေရိကန်နိုင်ငံနှင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များအပြင် ရှီးယိုက်အုပ်စုများကိုလည်း တိုက်ခိုက်မည်ဖြစ်ကြောင်း အကြမ်းဖက်သမားခေါင်းဆောင် ကာရီဟူစိန်မာဆွတ်က သတင်းဌာနတစ်ခုသို့ ပြောကြားသည်။ ***အင်တာနက်။***

အီရန်နျူစက်ရုံ အတိုက်ခံရလျှင် အစ္စရေးနျူစက်ရုံများကို ပြန်လည်တုံ့ပြန်မည်ဟု အီရန်ကြုံးဝါး

တီဟီရန် စက်တင်ဘာ ၄

အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများကို အစ္စရေးက တိုက်ခိုက်လာခဲ့လျှင် အစ္စရေးနိုင်ငံ၏ နျူကလီးယားစက်ရုံများကိုလည်း တီဟီရန်က လက်တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဦးစီးချုပ်က စက်တင်ဘာ ၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ နျူကလီးယားစက်ရုံများကို တိုက်ခိုက်ရသည့် အခြေအနေမျိုးများ မဖြစ်လာစေရန် အီရန်နိုင်ငံက မျှော်လင့်ကြောင်း၊ အကယ်၍ ဖြစ်ပေါ်လာပါက အစ္စရေးနိုင်ငံ အပြင်းအထန် တုံ့ပြန်ဒဏ်ခတ်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဟာဆန်ဖာရော့ဇာဘာဒီ၏ ပြောကြားချက်ကို မီဟာသတင်းဌာနက ကိုးကားဖော်ပြသည်။

အစ္စရေးတို့၏ အဓိက နျူကလီးယားစက်ရုံမှာ နီဂျစ်သဲကန္တာရအတွင်း ဒီမိုနာမြို့အနီး၌ တည်ရှိသည်။

အီရန်နိုင်ငံ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အစ္စရေးဆန့်ကျင်ရေး လူထုအစည်းအဝေးတွင် အီရန်ကာကွယ်ရေး ဦးစီးချုပ်က ယင်းသို့ သတိပေးစကားပြောကြားခဲ့ခြင်း ဖြစ်သည်။

အီရန်၏ နျူကလီးယားအစီအစဉ်များကို တားဆီးနိုင်ရန် လိုအပ်လျှင် စစ်ရေးနည်းလမ်းကိုလည်း အသုံးပြုသင့်ကြောင်း အစ္စရေးက ခံယူထားသည်။ ***အင်တာနက်။***

ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးကိုင်ဆောင် ထားသော မီနီမီ အမျိုး အစား အပေါ့စားစက် သေနတ်တစ်လက်ကို တွေ့ရစဉ်။

အာဖဂန်တွင် ဗြိတိသျှလက်နက်များသုံး၍ စစ်သွေးကြွများက နေတိုးတပ်ဖွဲ့ကို ပြန်လည်တိုက်ခိုက်နေ

လန်ဒန် စက်တင်ဘာ ၄ - အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့များ၏ စက်သေနတ်ဒါဇင်များစွာ ခိုးယူခံခဲ့ရပြီး ယင်းလက်နက်များကိုအသုံးပြုကာ စစ်သွေးကြွများက နေတိုးတပ်ဖွဲ့များကို ပြန်လည်တိုက်ခိုက်နေကြကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာ၌ စက်တင်ဘာ ၄ ရက်တွင်ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဗြိတိသျှလုပ် မီနီမီစက်သေနတ် ၅၉ လက်ခိုးခံခဲ့ရသည်ကို ဗြိတိသျှတပ်ဖွဲ့ တာဝန်ရှိသူများက ဖုံးကွယ်ထားခဲ့ကြောင်းသတင်းတွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန်များအကြား တိုက်ပွဲတစ်ရပ်ဖြစ်ပွားပြီးနောက် အဆိုပါ စက်သေနတ်များကို အမေရိကန်တပ်ဖွဲ့များက သိမ်းဆည်းနိုင်ခဲ့ရာမှ လက်နက်များ ပျောက်ရှမှုဖြစ်စဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဗြိတိသျှလက်နက်များကို သုံးစွဲ၍ ဗြိတိသျှတပ်ဖွဲ့များကို စစ်သွေးကြွများက ပြန်လည်တိုက်ခိုက်နေခြင်းမှာ လက်သင့်ခံနိုင်ဖွယ်မရှိသည့် ကိစ္စဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး လီယမ်ဖော့စ်က ပြောကြားသည်။ အဆိုပါ မီနီမီစက်သေနတ်များ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်လည်း ၎င်းက ညွှန်ကြားခဲ့သည်။

အဆိုပါ အပေါ့စား စက်သေနတ်များသည် တစ်မိနစ်လျှင် ချက်ရေ ၁၀၀၀၀ခန့် ပစ်ခတ်နိုင်ပြီး ဟဲလ်မန့်ပြည်နယ် ဘက်ရှင်း စစ်စခန်းသို့ ဗြိတိန်နိုင်ငံမှ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပေးပို့ရာတွင် ကုန်းတွင်းလမ်းမှ ပေးပို့ခဲ့ခြင်းဖြစ်ရာ လက်နက်သယ်ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရခြင်း ကြောင့်လည်းကောင်း၊ သို့မဟုတ် ခိုးရောင်းခဲ့ခြင်းကြောင့်လည်းကောင်း စစ်သွေးကြွများက ယင်းလက်နက်များကို ရရှိခဲ့ခြင်းဖြစ်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***ဒေးလီးတယ်လီဂရပ်။***

ဥရောပ အကြမ်းဖက်စီမံကိန်းများ ဂျာမန်အစွန်းရောက် ဝန်ခံဖွင့်ဟ

ဘာလင် စက်တင်ဘာ ၄

အမေရိကန်တပ်ဖွဲ့များက ဇူလိုင်လအတွင်း အာဖဂန်နစ္စတန်၌ ဖမ်းဆီးကာ စစ်ဆေးမေးမြန်းလျက်ရှိသော ဂျာမန်အစ္စလာမ္မစ် အစွန်းရောက်တစ်ဦးက ဂျာမနီနှင့် ဥရောပတစ်လွှားတွင် လုပ်ဆောင်မည့် အကြမ်းဖက်တိုက်ခိုက်မှု စီမံချက်များ၏ အသေးစိတ် အချက်အလက်များကို ဖွင့်ဟဝန်ခံခဲ့ကြောင်း စက်တင်ဘာ ၄ ရက်က သတင်းများတွင် ဖော်ပြသည်။

အာမက်အက်စ်အမည်ရှိ ဂျာမနီနိုင်ငံသား အစွန်းရောက်သမားသည် ဥဇဘက်ကစ္စတန် အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဂျာမနီနိုင်ငံ၌ အကြမ်းဖက်အဖွဲ့ဝင်သစ်များကို စည်းရုံးသိမ်းသွင်းခဲ့သူဖြစ်ကြောင်း သိရသည်။

ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယင်းသတင်းကို အတည်ပြုသေးခြင်းမရှိဘဲ အမေရိကန်တပ်များက ဖမ်းဆီးထားသော ယင်းဂျာမနီနိုင်ငံသားနှင့် ဆက်သွယ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသည်။

အာမက်အက်စ်သည် ၎င်း၏ ဇနီး၊ အစ်ကိုတို့နှင့်အတူ ၂၀၀၉ခုနှစ် မတ်လအတွင်း ပါကစ္စတန်နှင့် အာဖဂန်နယ်စပ် သို့ သွားရောက်ခဲ့ပြီး စစ်သွေးကြွ စခန်းများတွင် လေ့ကျင့်မှုများ ရယူခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်စစ်ပွဲ လက်ကျန်ပစ္စည်းများ တူရကီကို ဖြတ်သန်းသယ်ဆောင်ခွင့် အမေရိကန်တောင်းခံ

အင်ကာရာ စက်တင်ဘာ ၄

အမေရိကန်အစိုးရသည် အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာရာတွင် လက်နက်ခဲယမ်းများကို တူရကီနိုင်ငံအား ကြားခံထား၍ သယ်ဆောင်မည် မဟုတ်ကြောင်း တူရကီသို့ အလည်အပတ်ခရီး ရောက်ရှိနေသော အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ သဘာပတိ ဗိုလ်ချုပ်ကြီး မိုက်မူလန်က စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင်းရှိ အမေရိကန်တပ်များ၏ တိုက်ခိုက်ရေး သုံးမဟုတ်သော ပစ္စည်းကိရိယာများကို တူရကီမှတစ်ဆင့် သယ်ဆောင်ရန် အမေရိကန်စစ်ဘက်က ခွင့်ပြုချက်တောင်းခံထားကြောင်း ဗိုလ်ချုပ်ကြီး မိုက်မူလန်က ပြောကြားသည်။

အီရတ်စစ်ပွဲလက်ကျန် တိုက်ခိုက်ရေး လက်နက်မဟုတ်သော ပစ္စည်းပစ္စယများကို တူရကီနိုင်ငံတွင်းမှ ဖြတ်သန်းသယ်ဆောင်နိုင်ရန် တူရကီပါလီမန်လွှတ်တော်၏ သဘောတူခွင့်ပြုချက်ကို လိုအပ်သည်။ ၂၀၀၃ခုနှစ် အီရတ်ကျူးကျော်စစ်တွင် အမေရိကန်တပ်ဖွဲ့များအား ၎င်းတို့၏ ပိုင်နက်ကို အသုံးပြုခွင့်ပေးရန် ငြင်းဆန်ခဲ့သည်။

သို့ရာတွင် ၎င်း၏ အလည်အပတ် ခရီးစဉ်သည် အမေရိကန်တပ်ဖွဲ့များ၏ ခဲယမ်းမီးကျောက်များ တူရကီနိုင်ငံကို ဖြတ်သန်း သယ်ဆောင်ခွင့်ရရေးအတွက် ဖိအားပေးမည့် ခရီးစဉ်မဟုတ်ကြောင်း ဗိုလ်ချုပ်ကြီး မိုက်မူလန်က ပြောကြားသည်။ ***အေပီ။***

ခေတ်မီဖျက်သင်္ဘောလေးစင်း အိန္ဒိယတည်ဆောက်မည်

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယရေတပ်အတွက် အမေရိကန် ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံတန်ကြေးရှိ ရေဒါဖြင့်ထောက်လှမ်းရန် မလွယ်ကူသော ဖျက်သင်္ဘောလေးစင်း တည်ဆောက်ရန် အိန္ဒိယအစိုးရက သဘောတူခဲ့ကြောင်း စက်တင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ သင်္ဘောများ တည်ဆောက်မည့် အစီအစဉ်ကို စီမံချက် ၁၅-ဘီဟု အမည်ပေးထားသည်။

အဆိုပါ ဖျက်သင်္ဘောလေးစင်းကို အိန္ဒိယရေတပ်၏ မွမ်ဘိုင်း အခြေစိုက် ရေတပ်သင်္ဘောကျင်းများတွင် တည်ဆောက်မည်ဖြစ်သည်။

ယင်း ဖျက်သင်္ဘောလေးစင်းသည် ရေပြင်တွင်ပိုမိုလျင်မြန်စွာ မောင်းနှင်နိုင်မည်ဖြစ်ပြီး အဆင့်မြင့်နည်းပညာသုံး အာရုံခံကိရိယာများနှင့် လက်နက်များကို တပ်ဆင်မည်ဖြစ်သည်။ ယင်းအပြင် အစ္စရေး၏အကူအညီဖြင့် တည်ဆောက်နေဆဲဖြစ်သော ကီလိုမီတာ ၁၀၀၀ အထိပစ်ခတ်နိုင်မည့် နျူကလီးယားထိပ်ဖူးတပ်ခရုစ်ဒုံးကျည်များကိုလည်း တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယရေတပ်သည် လက်ရှိတွင် စီမံချက်-၁၅အေဟု အမည်ပေးထားသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပြီး ယင်းအစီအစဉ်အရ ထောက်လှမ်းရန်မလွယ်သော ဖျက်သင်္ဘောများကို တည်ဆောက်လျက်ရှိသည်။ စီမံချက် ၁၅-အေ သင်္ဘောများကို ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အပြီးတည်ဆောက်နိုင်မည်ဟု မျှော်လင့်ထားသည်။ ***အင်တာနက်။***

စီမံချက် ၁၅-အေ အရ တည်ဆောက်ခဲ့သော စစ်သင်္ဘောတစ်စင်း ရေချစဉ်။

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ

လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

အာရှ - ပစိဖိတ်

ထိုင်းအလုပ်သမားများ လူကုန်ကူးခံရ

ထိုင်းအလုပ်သမား ၄၀၀ ကို အမေရိကန်ပြည်ထောင်စုတွင် အလုပ်အကိုင်များရရှိမည်ဟု သွေးဆောင်ဖြားယောင်းကာ ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များကို သိမ်းယူခဲ့ပြီး အခကြေးငွေ အမြောက်အမြား တောင်းယူခဲ့သူ ခြောက်ဦးတို့ကို အမေရိကန်တွင် တရားစွဲဆိုထားသည်။

ငလျင်အပြီး ညမထွက်ရအမိန့်ထုတ်

နယူးဇီလန်နိုင်ငံတွင် ဒုတိယအကြီးဆုံးမြို့ဖြစ်သော ခရစ္စချတ်ချ်၌ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိ ငလျင်လှုပ်သွားပြီးနောက် ငလျင်ဒဏ်ခံပြည်သူများနှင့် ပျက်စီးမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် နယူးဇီလန်ရဲတပ်ဖွဲ့က နေဝင်မီးငြိမ်း အမိန့်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

ဥရောပ

တိုနီဘလဲ ကြက်ဥစာမိ

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲသည် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ရှိ ဝါးတားစတုန်းစာအုပ်တိုက်တွင် ကျင်းပသည့် "ခရီးတစ်ခု"အမည်ရှိ ၎င်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ် လက်မှတ်ရေးထိုးပွဲသို့ သွားရောက်စဉ် အာဖဂန်နစ္စတန်နှင့် အီရတ်စစ်ပွဲများ၌ ၎င်းပါဝင်ပတ်သက်မှုများနှင့် ပတ်သက်ပြီး စစ်ဆန့်ကျင်သူများက ကြက်ဥများ၊ ဖိနပ်များဖြင့် ပစ်ပေါက်ခဲ့ကြသည်။

လက်တင်အမေရိက

ကိုလံဘီယာတပ်ဖွဲ့များ လက်ဝဲသူပုန်များကိုတိုက်

ဗင်နီဇွဲလားနိုင်ငံ နယ်စပ်အနီးဖြစ်ပွားသော တိုက်ပွဲတစ်ခုတွင် ကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့ဝင်များက လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ အကူအညီဖြင့် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လက်ဝဲဝါဒီသူပုန် ၁၁ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တောင်အာရှ

အသေခံပုံးခွဲမှု အသေအပျောက်တိုး

ပါကစ္စတန်အနောက်တောင်ပိုင်း ကွတ်တားမြို့တွင် ရှီးယိုက်မွတ်စလင်များ၏ ဘာသာရေးပွဲတော်တစ်ခုကို အသေခံပုံးဖောက်ခွဲရေးသမားတစ်ဦး ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် သေဆုံးမှုမှာ လူ ၆၅ ဦးထိရှိလာသည်။ ယင်းဖောက်ခွဲတိုက်ခိုက်မှုကို ပါကစ္စတန်တာလီဘန်အဖွဲ့က မိမိတို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

အရှေ့အလယ်ပိုင်း

ဂါဇာမှ အစ္စရေးသို့ ဒုံးကျည်ပစ်ခတ်

ဂါဇာကမ်းမြောင်မှ အစ္စရေးနိုင်ငံအတွင်းသို့ ပါလက်စတိုင်းစစ်သွေးကြွများက ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေး-ပါလက်စတိုင်း တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြီး နှစ်ရက်အကြာ ပထမဆုံး တိုက်ခိုက်မှုဖြစ်သည်။

အာဖရိက

ရုရှားလေယာဉ်မှူးများ ပြန်ပေးဆွဲခံရ

ဆူဒန်အနောက်ပိုင်း ဒါဖာဒေသတွင် ဘဒါရ်လေကြောင်းလိုင်း၌ အလုပ်လုပ်နေသည့် ရုရှားလေယာဉ်မှူးနှစ်ဦး ပြန်ပေးဆွဲဖမ်းဆီးခံရပြီး အမေရိကန်အမျိုးသမီးဝန်ထမ်းတစ်ဦးမှာ ဒဏ်ရာရရှိခြင်းမရှိဘဲ လွတ်မြောက်လာခဲ့သည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဂျုံစိုက်ပျိုးထုတ်လုပ်တင်ပို့မှု စတုတ္ထအများဆုံး နိုင်ငံဖြစ်သည်။

ရုရှားနိုင်ငံက ဂျုံတင်ပို့မှုပိတ်ပင်ရေးကာလကို သက်တမ်းတိုး ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်း ထပ်မံကြုံရမည်ကို စိုးရိမ်ရ

ပေကျင်း စက်တင်ဘာ ၄

ရုရှားနိုင်ငံသည် ၎င်း၏ ပြည်ပသို့ ဂျုံတင်ပို့မှုကို ၂၀၁၁ ခုနှစ် နွေဦးပိုင်းထိတိုင် ဆက်လက်ရပ်ဆိုင်းရန် စက်တင်ဘာ ၂ ရက်က ဆုံးဖြတ်ခဲ့ရာ ကမ္ဘာတစ်ဝန်း နိုင်ငံရေးမတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားစေခဲ့သော ၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်း ပြဿနာမျိုး ထပ်မံကြုံရမည်ကို စိုးရိမ်နေရကြောင်း သောကြာနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် စံချိန်တင် မိုးခေါင်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျုံစိုက်ဧရိယာလေးပုံတစ်ပုံ ပျက်စီးခဲ့ရာ ပြည်ပသို့ ဂျုံတင်ပို့မှု ပိတ်ပင်ရေး အစီအစဉ်တစ်ရပ်ကို ပြီးခဲ့သည့်လကပင် စတင်ခဲ့ပြီဖြစ်သည်။ ယခု အဆိုပါ ပိတ်ပင်မှုကို သက်တမ်းတိုးရန် ရုရှားက ဆုံးဖြတ်ခဲ့ခြင်းကြောင့် နိုင်ငံတကာဂျုံဈေးကွက်အတွင်း ဂျုံဈေးနှုန်းသည် နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် မြင့်တက်ခဲ့သည်။ ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (အက်ဖ်အေအို)၏ သုံးသပ်ချက်များတွင် ၂၀၁၀ ခုနှစ်အတွင်း နံ့စားသီးနှံ စိုက်ပျိုး ထုတ်လုပ်မှု ပမာဏသည် တန်ချိန် ၆၄၈ သန်းရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယင်းပမာဏသည် ၂၀၀၉ ခုနှစ် ထုတ်လုပ်မှုနှုန်းနှင့် နှိုင်းစာသော် ငါးရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ကမ္ဘာ့စတုတ္ထ ဂျုံတင်ပို့မှုအများဆုံး နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံအပြင် ယူကရိန်း၊ ဂျာမနီ၊ ပိုလန်၊ ဟန်ဂေရီနှင့် ပြင်သစ်ကဲ့သို့ အခြားကမ္ဘာ့နိုင်ငံများသည်လည်း ပြင်းထန်သောမိုးခေါင်မှုနှင့် အပူလှိုင်းကျရောက်သည့် ဒဏ်ကို တွေ့ကြုံခဲ့ရခြင်းကြောင့် နံ့စားသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှုန်း ကျဆင်းခဲ့ရကြောင်း အက်ဖ်အေအိုက ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မာလူးအပူပိုင်း မုန်တိုင်း တရုတ်နိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းသို့ ဦးတည်နေ

ပေကျင်း စက်တင်ဘာ ၄

မာလူးအမည်ရှိ အပူပိုင်းမုန်တိုင်းသည် တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း တရုတ်အမျိုးသားမိုးလေဝသဗဟိုဌာန(အင်န်အမ်စီ)က စက်တင်ဘာ ၄ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

လိုင်းယွန်းရော့ခ် မုန်တိုင်းသည် သောကြာနေ့က ကွမ်တုံပြည်နယ် အရှေ့ဘက်၌ အပူပိုင်းလေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့ခဲ့သဖြင့် အမျိုးသား မိုးလေဝသဗဟိုဌာနက မုန်တိုင်းသတိပေးချက်ကို ဖျက်သိမ်းခဲ့သည်။

တရုတ်နိုင်ငံ အမျိုးသား မိုးလေဝသဗဟိုဌာန၏ အဆိုအရ မာလူးမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် အနောက်မြောက်ဘက်သို့ ဦးတည် ရွေ့လျားနေကြောင်း သိရသည်။ ယင်းမုန်တိုင်းသည် စက်တင်ဘာ ၄ ရက် နေ့လယ်ပိုင်းတွင် အရှေ့တရုတ် ပင်လယ်ပြင်သို့ ဝင်ရောက်မည်ဖြစ်ပြီး တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသသို့ ဆက်လက်ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပီရူးနိုင်ငံ၌ အမေဇုန်မြစ်ရေ နှစ် ၄၀ အတွင်း အနိမ့်ဆုံးကျဆင်း

အီကွီတော့စ် စက်တင်ဘာ ၄

ပီရူးနိုင်ငံအရှေ့မြောက်ပိုင်း၌ အမေဇုန်မြစ်ရေသည် နှစ်ပေါင်း ၄၀ အတွင်း အနိမ့်ဆုံးအဆင့်ထိ လျော့ကျခဲ့ရာ သယ်ယူပို့ဆောင်ရေးအတွက် ယင်းမြစ်ကြောင်းကို အားကိုးအားထားပြုနေရသောဒေသများ၌ စီးပွားရေးလုပ်ငန်းများ ကမောက်ကမဖြစ်ခဲ့ရကြောင်း စက်တင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြသည်။

သောင်တင်

အီကွီတော့စ် ဆိပ်ကမ်းမြို့အနီးတွင် အနည်းဆုံးရေယာဉ်ငါးစင်းသောင်တင်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကျဆင်း

ခြောက်သွေ့သောရာသီဥတု ကာလရှည်ကြာမှုကြောင့် အမေဇုန်မြစ်ရေ လျော့နည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ပီရူးအမျိုးသားမိုးလေဝသဌာနက ပြောကြားသည်။ လာမည့်လ မိုးရာသီမစတင်မီ ကာလများအထိ အမေဇုန်မြစ်ရေသည် ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အားကိုးပြု

အီကွီတော့စ်မြို့နှင့် ပီရူးနိုင်ငံ၏ မိုးသစ်တောဒေသများအတွင်းရှိ အခြားမြို့များသည် နိုင်ငံ၏အခြားဒေသများနှင့် ကုန်းတွင်းလမ်း ဆက်သွယ်မှုမရှိဘဲ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အမေဇုန်မြစ်နှင့် ယင်းမြစ်၏ မြစ်လက်တက်များကိုသာ အားကိုးအားထားပြုနေရသည်။

ယခုအခါ အမေဇုန်မြစ်ရေ ကျဆင်းခဲ့သည့်အတွက် ဒေသတွင်း စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့များ ပို့ဆောင်ရေးအတွက် ကျဉ်းမြောင်း၍ ရေစူးတိမ်နေရာများတွင် သွားလာနိုင်သော လှေငယ်များကိုသာ အသုံးပြုနေရကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

အမေဇုန်မြစ်သည် ပီရူးနိုင်ငံ၏ အဓိကဆက်သွယ်သွားလာရေး လမ်းကြောင်းတစ်ခုဖြစ်ပြီး ယခုအခါ ရေမှတ်အနိမ့်ဆုံး ကျဆင်းလျက်ရှိသည်။

ဂျူးလူမျိုးများနှင့် ပတ်သက်၍ ပြောကြားခဲ့သော မှတ်ချက်စကားအတွက် ဥရောပသမဂ္ဂ အကြီးအကဲတစ်ဦး ပြန်လည်တောင်းပန်

ဘရပ်ဆဲလ် စက်တင်ဘာ ၄

ဥရောပသမဂ္ဂ ကုန်သွယ်ရေးဆိုင်ရာ အကြီးအကဲ ကာရေးဒီဂုချ်က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အမေရိကန်နိုင်ငံမှ ဂျူးလူမျိုးများနှင့် ဂျူးအဖွဲ့အစည်းများသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကန့်လန့်တိုက်နေကြောင်း စက်တင်ဘာ ၂ ရက်က မှတ်ချက်စကား ပြောကြားခဲ့ရာ ယင်းသို့ပြောဆိုခဲ့ခြင်းအတွက် စက်တင်ဘာ ၃ ရက်က တောင်းပန်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မိမိ၏ မှတ်ချက်စကားသည် ဂျူးလူမျိုးများကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက် မပါဝင်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ဂျူးဆန့်ကျင်ရေးဝါဒအတွက်လည်း နေရာမရှိကြောင်း ဥရောပသမဂ္ဂ ကုန်သွယ်ရေးဆိုင်ရာ အကြီးအကဲ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂျူးအဖွဲ့အစည်းများက အီးယူကုန်သွယ်ရေးဆိုင်ရာ အကြီးအကဲ၏ မှတ်ချက်သည် ဥရောပတိုက်၌ ဂျူးဆန့်ကျင်ရေးဝါဒ ခေါင်းထောင်လာသည့် လက္ခဏာဖြစ်ကြောင်း သတိပေးခဲ့ကြသည်။ ***အေပီ။***

နယူးဇီလန်တောင်ပိုင်း၌ လေယာဉ်ပျက်ကျ နယူးဇီလန်နိုင်ငံသား ငါးဦးနှင့် နိုင်ငံခြားသား လေးဦးသေဆုံး

ဝယ်လင်တန် စက်တင်ဘာ ၄

နယူးဇီလန်နိုင်ငံ ဆောက်သ်အိုက်လန်ရှိ ဖောက်ဂလက်စီယာ လေဆိပ်၌ စက်တင်ဘာ ၄ ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူကိုးဦးသေဆုံးကြောင်း နယူးဇီလန် ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ *(ဓါတ်ပုံ)*

အဆိုပါ လေယာဉ်သည် လေထီးခုန်သမားများနှင့် ကမ္ဘာလှည့်ခရီးသည်များ ပါရှိသော အဖွဲ့တစ်ဖွဲ့ကို တင်ဆောင်လာပြီး ဖောက်ဂလက်စီယာ လေဆိပ်မှပျံတက်ပြီး မကြာမီ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ပျက်ကျခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ လေယာဉ်ပေါ်၌ လိုက်ပါသူများမှာ နယူးဇီလန်နိုင်ငံသားငါးဦးနှင့် ဩစတြေးလျ၊ အိုင်းရစ်၊ ဂျာမန်နှင့် ဗြိတိန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များ ဖြစ်ကြသည်။ တာ့စ်မန်ခရိုင်ရဲတပ်ဖွဲ့က လေယာဉ်ပျက်ကျသည့် နေရာကိုစောင့်ကြပ်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်ကြီးဆီသို့

ဒေါ်လှလှဝင်း (ပညာရေးသုတေသန)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ စာတတ်မြောက်မှုအပေါ်တွင် တည်မှီနေပေသည်။ နိုင်ငံနှင့်လူမျိုး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပညာရေးသည် အဓိကအကျဆုံးအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ အလိမ္မာ စာမှာရှိသည်။ စာမတတ်လျှင် အကန်းနှင့်တူသည်စသော ဆိုရိုးများရှိခဲ့သည်။ အမှန်စင်စစ် လူတစ်ဦးချင်းစီ၏ အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့နှင့် လူ့အဖွဲ့အစည်း၏ဂုဏ်သိက္ခာ မြင့်မားလာစေရေးတို့အတွက် လူတိုင်းစာတတ်မြောက်ဖို့ လိုပါသည်။ ရေမြင့်မှ ကြာတင့်ဆိုသကဲ့သို့ ပညာမြင့်မှ လူနေမှုအဆင့်အတန်းမြင့်မားလာမည်။ ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရန်အတွက် စာတတ်မြောက်ရေးလုပ်ငန်းသည် လွန်စွာမှ အရေးကြီးလှပေသည်။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝသယံဇာတများ ကြွယ်ဝချမ်းသာမှုသာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသည်လည်း အဓိကကျလှပေသည်။ ထိုရင်းမြစ်များကို ပညာဖြင့်သာ မြှင့်တင်နိုင်ပေသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရသည် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်မပျက် အကွက်ကျကျ စီမံဆောင်ရွက်ခဲ့သည်။ လူတစ်ဦးချင်းစီ၏ ရှင်သန်ဖွံ့ဖြိုးမှုဖြင့် အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဆီသို့ ချီတက်ကြရာတွင် အထောက်အပံ့ပြုသူမှာ နိုင်ငံတော်၊ ပညာကို မျှဝေသင်ကြားပေးသူတို့မှာ ဆရာ၊ ဆရာမများနှင့် စေတနာရှင်များဖြစ်ကြပြီး သင်ယူသူတို့မှာ ကျောင်းသားများဖြစ်ကြသည်။ အရေး၊ အဖတ်၊ အတွက်စသော အခြေခံများသာမက ၂၁ ရာစုတွင် ဖြစ်ထွန်းလာမည့် -

(၁) အသိပွားဖို့ သင်ယူစို့ (Learning to know)

(၂) လုပ်ကိုင်တတ်ဖို့သင်ယူစို့ (Learning to do)

(၃) တစ်ဦးချင်းအဖြစ် အစွမ်းကုန်ဖွံ့ဖြိုးဖို့ သင်ယူစို့ (Learning to be)

(၄) ကမ္ဘာသူ ကမ္ဘာသားအဖြစ် အတူနေဖို့ သင်ယူစို့ (Learning to live together)

ဟူသည့် သင်ယူမှု မဏ္ဍိုင်ကြီး (၄)ရပ်သည် ဘဝတွက်တာ သင်ယူမှုပညာရေး၏ အခြေခံအုတ်မြစ်ကြီး ဖြစ်ပါသည်။

ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ရေသောက်မြစ်ဖြစ်ပေရာ မြန်မာ့ထုံးတမ်းစဉ်လာအရ ခေတ်အဆက်ဆက်ကပင် ပညာရေးကို အလေးအနက်ထားကာ မြတ်နိုးတန်ဖိုးထားခဲ့ကြပေသည်။ ရှေးမြန်မာမင်းများလက်ထက်တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုန်းတော်ကြီးကျောင်းများ၌ စာတတ်မြောက်ရေးကို ရိုးရာအမျိုးသားပညာရေးစနစ်အဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပုံမှာ မွန်မြတ်လှသည့် ဂုဏ်ယူဖွယ် အစဉ်အလာကောင်းဖြစ်ပေသည်။ အခြေခံအရေး၊ အဖတ်၊ အတွက်ကို အလေးအနက်ထား သင်ကြားပေးခဲ့သဖြင့် စာမတတ်သူဦးရေ နည်းပါးခဲ့လေသည်။ **အလင်းတကာ့အလင်းတွင် ပညာအရောင်သည် အလင်းဆုံး**ဖြစ်သည်။ သို့သော် ကိုလိုနီကျွန်ပညာရေး စနစ်ဆိုးကြောင့် သင်ကြားမှုများ ရပ်တန့်ကာ မြန်မာလူမျိုးတို့မှာ နယ်ချဲ့လက်အောက်တွင် မျက်စိမှိတ်၊ နားပိတ်၊ စာပေမတတ် ကြက်ခြေခတ်ဘဝဖြင့်သာ ပညာအမှောင် ကျခဲ့ရပေသည်။ မြန်မာတို့၏ သူ့ကျွန်မခံလိုစိတ်ဖြင့် **'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာ စကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို မြတ်နိုးပါ၊ တို့စကားကို လေးစားပါ'** ဟူသော ကြွေးကြော်သံများဖြင့် ကိုလိုနီကျွန်ပညာရေးစနစ်ကို တော်လှန်ပြီး အမျိုးသားပညာရေးထွန်းကားလာခဲ့ရာ မြန်မာလူမျိုးတို့ အသိဉာဏ်ဖွံ့ဖြိုးလာခဲ့သည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး **'စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးအစ၊ ပညာရေးက'** ဆိုသည့်အတိုင်း အမျိုးသားပညာရည် အဆင့်အတန်းမြင့်မားရေးအတွက် ဘုန်းတော်ကြီးကျောင်းများတွင် ပညာပြန်လည်သင်ကြားခဲ့ကြသည်။ စာမတတ်သူဦးရေပိုမိုများပြားလာသဖြင့် စာမတတ်သူပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်တက်ကြွကြွ တစ်ခဲနက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ယနေ့ထိ စာတတ်မြောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေရာအနှံ့ အစွမ်းကုန်ကြိုးပမ်းခဲ့ကြသည်။ ၁၉၅၂ ခုနှစ်တွင် ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းချမှတ်ကာ ဘုန်းတော်ကြီးကျောင်းပညာရေးအစီအမံများ၊ 'အ'သုံးလုံးကျေသင်တန်းများ၊ တပ်မတော်အတွင်း မြန်မာစာ 'အ'သုံးလုံးကျေသင်တန်းများ ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ စာတတ်မြောက်သူ ၅၇ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပေသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးကို ၁၉၆၆ ခုနှစ်တွင် ယူနက်စကို အထွေထွေညီလာခံကြီးက နှစ်စဉ်စက်တင်ဘာလ ၈ ရက်နေ့ကို **နိုင်ငံတကာစာတတ်မြောက်ရေးနေ့**အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ခရိုင်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုကို ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့သည်။ ထို့ပြင် နေရာအနှံ့ ပြည်နယ်လုံးကျွတ်၊ တိုင်းဒေသကြီးလုံးကျွတ်စာတတ်မြောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်ခဲ့မှုများကြောင့် အောင်ပွဲအလီလီရရှိခဲ့ကြသည်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုများကို ဂုဏ်ပြုသောအားဖြင့် ယူနက်စကိုအဖွဲ့ချုပ်က ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် 'နိုမာဆု' တို့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးခဲ့လေသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးကို ထပ်မံတွန်းအားပေးသည့်အနေဖြင့် ၂၀၀၀ ပြည့်နှစ် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကမ္ဘာ့ညီလာခံကြီးက **လူတိုင်းအတွက် ပညာရေး** (Education For All) ဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုစာတမ်း၏ စတုတ္ထရည်မှန်းချက်မှာ အမျိုးသမီးများ၏ စာတတ်မြောက်ရေးအဆင့်အတန်းကို ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းတိုးတက်ကောင်းမွန်စေရေးနှင့် အရွယ်ရောက်ပြီးသူတိုင်း အခြေခံပညာနှင့် စဉ်ဆက်မပြတ်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ တန်းတူရရှိရန်ဖြစ်ပေသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အချိန်ကာလကို **ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်** အဖြစ် သတ်မှတ်သဖြင့် နိုင်ငံအလိုက် စာတတ်မြောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌လည်း အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းတစ်ရပ်ဖန်တီးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနသည် လူတိုင်းအတွက် ပညာရေး (Education For All) စီမံကိန်းကို ကျောင်းတွင်းပညာရေး (Formal Education) နှင့် ကျောင်းပြင်ပပညာရေး (Non-Formal Education) နည်းလမ်းနှစ်သွယ်ဖြင့် ချိတ်ဆက်မိမိဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုအစီအစဉ်အရ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းများချမှတ်ကာ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့် ပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှု၊ ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူများအတွက် အသုံးလုံးကျေသင်တန်း အစီအစဉ်များကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ် နွေရာသီတွင် ပညာရေးဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ နယ်စပ်ဒေသ နွေရာသီ အသုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အခြေခံစာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ တစ်ဖက်ကလည်း စာတတ်မြောက်မှုရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များ၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးအစီအစဉ်မှသည် လုပ်ငန်းအကျိုးပြု စာတတ်မြောက်စေရေး၊ စဉ်ဆက်ပညာရေး (Continuing Education) ဆီသို့ ဦးတည်ကာ ရပ်ရွာပညာပဒေသာဌာန (Community Learning Centre) များစွာကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ပညာဘဏ်တိုက်ဟုခေါ်သော စာကြည့်တိုက်များ ဖွင့်လှစ်ကာ စာအုပ်စာပေများကို လက်လှမ်းမီသရွေ့ စီစဉ်ပေးခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆင့်မြင့်ပညာ ကဏ္ဍတွင်လည်း ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် တက္ကသိုလ်၊ ကောလိပ်၊ ဒီကရီကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာသုံး သင်ကြားသင်ယူမှု အထောက်အကူပြုဌာနများကို ပူးတွဲဖွင့်လှစ်ပေးခဲ့သည်။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ရပ်လုံးမှ ဆရာ၊ ဆရာမများကိုလည်း **"ပညာရည်မြင့်မားရေး၊ ဆရာ့အရည်အသွေးမြှင့်တင်ပေး"** ဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော အရည်အသွေးမြှင့် အထူးမွမ်းမံသင်တန်းများ စီမံပေးလျက်ရှိသည်။ ကဏ္ဍနှစ်ခုလုံးမှ သင်ရိုးညွှန်းတမ်းများကိုလည်း ကမ္ဘာ့အဆင့်မီပညာရေးနှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းပေးခဲ့လေသည်။

မျက်မှောက်ခေတ် ၂၁ ရာစုသည် **ပညာခေတ်** (Knowledge age) ဖြစ်သည်။ သတင်းနှင့် နည်းပညာဖွံ့ဖြိုးသောခေတ်ဖြစ်သဖြင့် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့ပညာရေးကို ရင်ဆိုင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံက နည်းလမ်းအသွယ်သွယ်နှင့် စီမံဆောင်ရွက်သကဲ့သို့ တစ်မျိုးသားလုံးကလည်း အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးတာဝန်အနေဖြင့် တက်ကုန်ဖွင့် ရွက်စုံလွှင့်ကာ ညီညာဖြဖြ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အောင်မြင်မှု ရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်သည်။

နည်းပညာအသစ်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းရှိ လူတစ်ဦးချင်းစီ၏ ဘဝခြေလှမ်းတိုင်း၌ အတွေးသစ်၊ အမြင်သစ်များ၊ သင်ယူလိုစိတ်၊ လေ့လာလိုစိတ်တို့ဖြင့် အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာလျှင် ကမ္ဘာ့အလယ်တွင် မြန်မာဟေ့ဟု ဝင့်ကြွားကာ ပညာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ -အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း (အပိုင်း-၂)
၇း၁၀	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -အမွှာစုံထောက် (အပိုင်း-၃၆)**
၁၁း၂၅	၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အန္တရာယ်တောင်ကုန်း**
၁၂း၃၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၇)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	ဘဝကြေးမုံ **-မိုးနှောင်း (အပိုင်း-၂) (ဇေယျာ၊ ချစ်စု၊ အိမ့်ဖူးငယ်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]**
၆း၅၀	၁၁။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၄၆)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄)**
	၂၁။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၅)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

People's Utility & Electronics Exhibition 2010
တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၄

People's Utility & Electronics Exhibition 2010 ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော လူသုံးကုန် ပစ္စည်းအမျိုးမျိုးနှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုးတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း People's Utility & Electronics Exhibition 2010 ပြပွဲ၌ ခင်းကျင်းပြသထားသော လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုးတို့ကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယ စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ ဆရာတော်ကြီးသည် (၁၃၇၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်) ၂၀၁၀ ခုနှစ် စက်တင်ဘာ ၄ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာပဒေသာ စာကြည့်တိုက် ကြည့်ရှုစစ်ဆေး

တောင်ကြီး စက်တင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့တွင် သတ်မှတ်စံ(၅)ချက်ညီ စာကြည့်တိုက်များ ဖြစ်မြောက်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက်က ဖာမွန်းကျေးရွာအုပ်စု ပန်သခွား ကျေးရွာရှိ ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်သည် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်၊ ဒေသခံပြည်သူအလှူရှင်ဦးဝင်းကို၊ ပန်သခွား အထက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစန်းရင်တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ် ပြန်/ဆက်ဦးစီးမှူးက ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ လှူဒါန်းရာ ကြီးကြပ်မှုကော်မတီ နာယကက လက်ခံရယူသည်။

အဆိုပါစာကြည့်တိုက်ကို ရွာသုံးရွာမှ ဒေသခံပြည်သူနှင့် အလှူရှင်များ ပူးပေါင်း၍ ငွေကျပ် ၃၅ သိန်း ကျခံဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ပြည်ခရိုင် ကျန်းမာရေး အသိပညာပေး ဟောပြော

ပေါင်းတည် စက်တင်ဘာ ၄

ပေါင်းတည်မြို့နယ် မင်းကွက် (၂) ရပ်ကွက် ဘိုးဘွားရိပ်သာ စိန်ရတုခန်းမ၌ ဇူလိုင် ၂၁ ရက်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပရာ ပြည်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်း၊ ပေါင်းတည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းတို့က အမှာစကားပြောကြားပြီး ပေါင်းတည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ သန်းသန်းနွယ်က အသိပညာပေးဟောပြောပြီး ခြင်ထောင်ဆေးစိမ်နည်းအား လက်တွေ့သရုပ်ပြခြင်းနှင့် ကျန်းမာရေး လက်ကမ်းစာစောင်များဝေငှသည်။ **(အပေါ်ပုံ)**

(၁၃၅)

တွံတေးမြို့ ကွမ်းခြံအလယ်ပိုင်း ဗိုလ်ချုပ်လမ်းနေ ကွယ်လွန်သူ ဒေါ်လှမြင့်အားရည်စူး၍ ကျန်ရစ်သူ ဦးစိန်မဟာ၊ သား ကိုခင်မောင်ဝင်း၊ သမီး မသန်းသန်းမြင့် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ အာဟာရပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးကျော်သန်း လက်ခံရယူစဉ်။ (၃၄၂)

ကြက်ငှက်တုပ်ကွေး စူးစမ်းလေ့လာရေး စည်းဝေး

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးလုပ်ငန်း ဒုတိယအကြိမ် လပတ်အစည်းအဝေးကို ဩဂုတ် ၂၇ ရက် နံနက်က မြို့နယ်မွေးကု ဦးစီးဌာနရုံး၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားသို့ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းစိုးနှင့် မြို့နယ်ဒုတိယဦးစီးမှူးများ၊ ကျေးလက်တိရစ္ဆာန် ကျန်းမာရေး လုပ်သားများ တက်ရောက်ကြပြီး ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျေးလက်တိရစ္ဆာန် ကျန်းမာရေး လုပ်သားများက ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကိုတင်ပြ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်မွေးကု)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆုနှင့် အကောင်းဆုံးပိတ်ဆို့ဆု ရရှိကြသူများ၊ ပူးတွဲတတိယရရှိကြသော အမျိုးသားအသင်းများဖြစ်ကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရဲတပ်ဖွဲ့အသင်းနှင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်း၊ အမျိုးသမီးအသင်းများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းနှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့အသင်းတို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ (အမျိုးသား)အသင်းနှင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့(အမျိုးသမီး)အသင်း၊ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ (အမျိုးသား) အသင်းနှင့် (အမျိုးသမီး) အသင်းတို့အား ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် ရဲရေးချုပ် ရဲမှူးချုပ်သိန်းတင့်တို့က တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ (အမျိုးသား) အသင်းနှင့် (အမျိုးသမီး)အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ရန်ကုန်-ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦး ခရီးစဉ် စတင်ပြေးဆွဲ

ရန်ကုန် စက်တင်ဘာ ၄

ရွှေစင်စကြာ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းက အဆင့်မြင့် လေအိတ် (Aircon) ကားကြီး ၃၃ စီးဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး-ပြင်ဦးလွင်-မုံရွာ-ဘားအံ-မော်လမြိုင် ခရီးစဉ်များ ပြေးဆွဲလျက်ရှိရာ ရန်ကုန်-ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦးနှင့် ညောင်ဦး-ပုဂံ-ကျောက်ပန်းတောင်း-ရန်ကုန် ခရီးစဉ်ကို စက်တင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲမှစ၍ နေ့စဉ် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ရွှေစင်စကြာ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းက မြန်မာနိုင်ငံအနှံ့ ခရီးစဉ်များ ပြေးဆွဲရာတွင် ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုများပေးသည့်အပြင် လမ်းခရီးတွင် မော်တော်ယာဉ်များ စက်ချွတ်ယွင်းမှုဖြစ်ပါက အရန်မော်တော်ယာဉ်များဖြင့် ချက်ချင်း အစားထိုးပြေးဆွဲနိုင်ရန် စီစဉ်ထားသည်။

ထို့အပြင် ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းက ယခုစက်တင်ဘာလအတွင်း ရန်ကုန်-မုံရွာ-ရေဦး ခရီးစဉ်ကိုလည်း ထပ်မံတိုးချဲ့ပြေးဆွဲသွားမည် ဖြစ်သည်။

ခရီးသွားလက်မှတ်များကို ဖုန်းဖြင့်ကြိုတင်မှာယူပါက အိမ်အရောက် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပြီး ပခုက္ကူမြို့မှ ခရီးသည်များအတွက် ပေါက်လမ်းနှင့် မြိုင်လမ်းဆုံတွင် လက်မှတ်အရောင်းဌာနကို ဖွင့်လှစ် ရောင်းချပေးထားသည်။

ခရီးသွားလက်မှတ်များ ဝယ်ယူလိုပါက ရန်ကုန်-အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း အမှတ်(၁၆၊ ၁၇၊ ၁၈၊ "ပ" ဝင်း) ဖုန်း-၀၁-၇၀၅၀၂၀၊ ၆၃၇၂၃၃၊ အောင်ဆန်းကွင်း တောင်ဘက်တန်း အခန်း G-10၊ ဖုန်း-၀၉-၅၁၅၅၃၃၉၊ ၀၉-၅၁၄၆၂၆၅၊ ၀၉-၅၁၉၇၁၃၅၊ ၀၁-၇၂၁၉၉၄၊ ဦးချစ်မောင်လမ်း ရတနာပန်းခြံအနီး ဝွတ္တလစ် တာမွေမြို့နယ် ဖုန်း-၀၁-၇၀၅၅၁၅၊ ၀၁-၇၀၉၅၂၁၊ နေပြည်တော် ဖုန်း-၀၆၇-၃၈၃၅၇၊ ၀၆၇-၃၈၂၆၉၊ မန္တလေး ဖုန်း-၀၂-၇၁၈၄၅၊ ၀၂-၆၄၄၉၈၊ ပြင်ဦးလွင် ဖုန်း-၀၈၅-၂၁၉၉၄၊ မုံရွာ ဖုန်း-၀၇၁-၂၈၁၆၆၊ မော်လမြိုင် အခန်းအမှတ်(B-1) မြေနီကုန်း အဝေးပြေးယာဉ်ရပ်နားစခန်း ဖုန်း-၀၉-၈၇၀၁၂၇၉၂၊ ၀၉-၆၈၁၈၁၁၃၊ ၀၉-၄၉၈၁၅၀၂၃၊ ဘားအံ အဝေးပြေးယာဉ်ရပ်နားစခန်း ဖုန်း-၀၅၈-၂၂၁၉၆၊ ညောင်ဦး အဝေးပြေးယာဉ်ရပ် နားစခန်း ဖုန်း-၀၉-၈၇၀၃၉၂၈၊ ၀၉-၈၆၁၈၀၀၉

တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒေသခံများ အသိပညာဗဟုသုတ ပိုမိုမြင့်မားရေးအတွက် ကြီးပွားရေး e-Library စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ထားသည်မှာ-

❖ဖွံ့ဖြိုးတိုးတက်လာသောမှ

မဲဇလီကုန်း တိုက်နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းရှိရာ အခြေခံပညာ မူလတန်းကျောင်း လေးကျောင်းကို အသစ်ပြန်လည်တည်ဆောက်ကာ ကျန်ကျောင်းများကို ဥပမိရုပ်ကောင်းမွန်ရေးအတွက် ပြုပြင်မွမ်းမံတည်ဆောက်ပေးခဲ့၍ ဒေသခံရင်သွေးငယ်များ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ကြပြီဖြစ်သည်။ ဤကျောင်းတို့မှ မိမိဒေသ၊ မိမိရပ်ရွာနှင့် မိမိတို့နိုင်ငံကို ပြန်လည်အကျိုးပြုကျေးဇူးဆပ်နိုင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်ပေါင်းများစွာ ပေါ်ထွက်လာဦးမည်ကို ကြိုတင်မှန်းဆမြင်ယောင်မိပေသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သကဲ့သို့ ဆက်သွယ်ရေးအနေဖြင့်လည်း မခက်ခဲလှပါ။ လိုင်းအင်အား ၂၅၀ရှိ ဒီဂျစ်တယ် အော်တိုတယ်လီဖုန်း စခန်းရုံးတည်ရှိပြီး အော်တိုတယ်လီဖုန်း ၁၄၅ လုံး၊ PCO ဖုန်းတို့ဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြပြီဖြစ်သည်။

မဲဇလီကုန်းတိုက်နယ်မှလွန်သော် လယ်ကွင်းပြင်မှ စိမ်းစိမ်းစိုစို မြင်ကွင်းနှင့်အတူ ရင်သွေးငယ်တို့၏ ညီညီညာညာ စာအံသံကို ကြားမိ၍ ကြည်နူးမှုနှင့် အတူ ခေတ္တရပ်နား အပန်းဖြေခဲ့ကြ၏။

ထိုရွာကား ကုန်းဇောင်းကျေးရွာတည်း။ ရင်သွေးငယ်များ ညီညီညာညာ စာအံနေသည့် ကျောင်းမှာ ကုန်းဇောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖြစ်ပြီး RC သံကူကွန်ကရစ် အခိုင်အမာ အဆောက်အအုံဖြစ်ကာ လက်ရှိကျောင်းသားဦးရေ ၁၁၀ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

အဆိုပါကျောင်းကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်က ဖွင့်လှစ်ပေးခဲ့သည်။ မူလက ပျဉ်ခင်း၊ ပျဉ်ကာကျောင်းမျှသာဖြစ်သည်။

ကျောင်းရှေ့တွင် ဒေသခံ အသက်(၇၀)ကျော်အရွယ်ရှိအဘွားဒေါ်တင်လှနှင့် ဒေါ်အုန်းမြတို့ ကျွန်တော်တို့ကိုလှမ်းနှုတ်ဆက်၍မမျှော်လင့်ဘဲ စကားစမြည် ပြောဆိုခွင့်ရခဲ့သည်။

"ငါ့တူတွေဒီကျောင်းမှာ ဘာကိစ္စရှိလို့တုံး"

"ဟုတ်ကဲ့၊ အဘွားတို့ရွာကျောင်းကို သတင်းစာထဲမှာ မှတ်တမ်းတင်မလို့ အဘွားရေ"

"သြော်၊ အဘွားမြေးတွေလည်း ဒီကျောင်းမှာတက်နေတယ်၊ ဒီလိုကျောင်းမျိုး အဘွားတို့ရွာမှာ ဆောက်ပေးတာ ဝမ်းသာစရာသိပ်ကောင်းပါတယ်ကွယ်၊ အဘွားတို့ ငယ်ငယ်တုန်းကဆို ဒီလို ဘယ်ဟုတ်လိမ့်မတုံး"

ဒေသခံ အဘွားတို့၏ စကားသံများကား ရင်တွင်းကဆန္ဒအသံ၊ ဆန္ဒအမှန်များဖြစ်သည်ကို သူတို့၏ ရိုးသားသော မျက်နှာပြင်တွင် အထင်းသား ပေါ်လွင် သက်သေပြုလျက် ရှိဘိသည်။

ကျွန်တော်တို့သည် ကုန်းဇောင်းကျေးရွာမှ ဒေသခံအဘွားတို့အား နှုတ်ခွန်းဆက်၍ ထူးကြီးမြို့သို့ ဆက်လက် ခရီးဆက်ခဲ့သည်။

ထူးကြီးမြို့အဝင်သို့ရောက်သော လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းသော ကျွန်းစိုက်ခင်းများက တညီတညွတ်တည်း ဆီး၍ ကြိုဆိုနှုတ်ဆက်နေကြ၏။ ကိုင်းများကို ချိုင်ထား၍ ကျွန်းပင်ပျိုများသည် မိုးယံထက်သို့ ညီညာဖြောင့်တန်းစွာ လုတက်နေကြ၏။

ထူးကြီးမြို့တွင် ရပ်ကွက်၊ ကျေးရွာ ၁၃ ခုပါဝင်ပြီး ၆၈၆၅ ဧက ကျယ်ဝန်းကာ လူဦးရေ ၉၃၁၆ ဦး နေထိုင်ကြ၏။

ကျေးလက်၏ စီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးဖြစ်သည်နှင့်အညီ ထူးကြီးမြို့တွင် စပါးနှင့် ဆီထွက်သီးနှံ မြေပဲ၊ မတ်ပဲနှင့် နှမ်းတို့ကို အဓိကစိုက်ပျိုးကြ၏။

ထူးကြီးမြို့၏ နောက်ကြောင်းရာဇဝင်နှင့် စပ်လျဉ်း၍ ရှေ့မီနောက်မီ အငြိမ်းစား ကျောင်းအုပ်ကြီး ဦးညွန့်မောင်က ဤသို့ရှင်းပြပါသည်။

ထူးကြီးမြို့၏ နောက်ခံရာဇဝင်နှင့် စပ်လျဉ်း၍ အငြိမ်းစား ကျောင်းအုပ်ကြီး ဦးညွန့်မောင် ရှင်းပြစဉ်။

လက်ရှိထူးကြီးမြို့သည် ယခင်က ကျွန်းတောရွာလေးဖြစ်ခဲ့ကြောင်း၊ ယခုရှိရင်းစွဲ ထူးကြီးလေးရွာကိုသာ ထူးကြီးရွာဟုခေါ်ဆိုခဲ့ကြကြောင်း၊ ထူးခေါင်းအင်းကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ဟသ်ာတ-ကြံခင်း ရထားလမ်းပေါ်ပေါက်လာသောအခါ ထူးကြီးကျောက်မိုင်းမှ ကျောက်များထုတ်လုပ်ရန်အတွက် အင်္ဂလိပ်တို့က ထူးကြီးဘူတာတည်ဆောက်ရန် ယခင်ကျွန်းတောရွာစပ်တွင် အကွက်ရိုက်သတ်မှတ်ရာမှ ထူးကြီးမြို့ဖြစ်လာကြောင်း၊သို့ဖြစ်၍ ယခင်က ရှိရင်းစွဲထူးကြီးရွာမှာ ယခုထူးကြီးလေးရွာဖြစ်သွားခဲ့ကြောင်းရှင်းပြပါသည်။

တစ်ဆက်တည်းမှာပင် အဘ ဦးညွန့်မောင်က "ယခုလက်ရှိထူးကြီးမြို့ကတော့ အဘတို့ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူး၊ ဖွံ့ဖြိုးတိုးတက်လာလိုက်တာ အံ့မခန်းပါပဲ"

မှန်ပေသည်။ ထူးကြီးမြို့သည် မြို့ပြတစ်ခုအလား ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်နေ၍ ကျွန်တော်တို့ အဖို့ လေ့လာဖွယ်ရာများက မကုန်နိုင်တော့ချေ။

လမ်းပန်းဆက်သွယ်ရေးအားဖြင့်လည်း အချက်အချာကျလှပေသည်။ ထူးကြီးဘူတာသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းပေါ်တွင် တည်ရှိပြီး ဟသ်ာတ-ဘုရားပေါ်၊ ဘုရားပေါ်-သရက်၊ သရက်-မင်းလှ ခရီးစဉ်များကို လက်ရှိပြေးဆွဲပေးလျက်ရှိသည်။

အလားတူ ကြံခင်း-ပုသိမ်၊ ကြံခင်း-ဟသ်ာတသို့ စာပို့လွန်းပြန်ရထား၊ လော်ကယ်ရထားတို့ဖြင့်လည်းကောင်း၊ ဟသ်ာတ-ဘုရားပေါ်၊ ဘုရားပေါ်-သရက်၊ သရက်-မင်းလှခရီးစဉ်များကို RBE ရထားဖြင့်လည်းကောင်း၊ ဟသ်ာတ-ထူးကြီးသို့ ကားရထားဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိရာ ထူးကြီးဘူတာတွင် တစ်နေ့လျှင် ပျမ်းမျှခရီးသည် ၂၅၀ နှင့် ၃၀၀ ကြားရှိကြောင်း သိရသည်။

ခရီးသည် တစ်နေ့လျှင် ပျမ်းမျှ ၂၅၀ မှ ၃၀၀ ကြား ခရီးသွားလျက်ရှိသော ထူးကြီးမြို့ ဘူတာရုံ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+
ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဝိပဿနာအလုပ်ပေး"
တရားတော်
(ဆရာတော်ဘဒ္ဒန္တဒေါက်တာ
စန္ဒာဝရာဘိဝံသ)
၆း၄၀ ရှေးမူလက်ရာလေ့လာစရာ
ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၄)
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၉၈)
၈း၄၀ ရွှေဖြစ်မည့်ရတနာအစစ်. . .
၈း၅၀ အစွမ်းထက်မြက်. . .
မြန်မာ့ဆေးစွမ်းတစ်လက်
၉း၁၀ Activities In The City
-အေးငြိမ်းချမ်းသာ
အောင်ဘာလေထီဆိုင်၏
သိန်း(၅၀၀)အပိုဆုနှင့် နှစ်ပတ်
လည်အခမ်းအနား
-အမေ့အိမ်၏(၁၄)နှစ်မြောက်
မှတ်တိုင်
၉း၄၀ Sunday Talk
[မျိုးမြတ်သူ၊
ကိုကို(စက်မှုတက္ကသိုလ်]
၁၀း၀၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ
ချစ်တဲ့ကာလပေါ်တေးအရသာ
(မောင်သိန်းဝင်း၏တေးများ)
၁၀း၁၅ အမျိုးသားများနှင့်ပတ်သက်သော
အကြော၊ အဆစ်ရောဂါ
အကြောင်းသိကောင်းစရာ
(အပိုင်း-၂)
(ဒေါက်တာပန်ဒိုရာအောင်ကြီး၊
နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊
ကျော်ကျော်ဗို)
၁၀း၄၀ ဗီဒီယိုပြခန်း
၁၀း၅၅ ဈေးဝယ်လမ်းညွှန်
(RICHY Fashion Square)
၁၁း၂၅ စွမ်းရည်ထက်မြက်
မြန်မာ့မျက်လှည့်
၁၂း၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ
(လေးလေးနွယ်)
၁၂း၃၅ လွမ်းတင်သည့်ကြိုး
(ဇင်ဝိုင်း၊ ဇင်မျိုး၊
မြတ်ကေသီအောင်၊
အိဖြိုးချယ်ရီ)
(ဒါရိုက်တာ-Nova)
၁း၀၀ "ဝိပဿနာအလုပ်ပေး"
တရားတော်
(ဆရာတော်ဘဒ္ဒန္တဒေါက်တာ
စန္ဒာဝရာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
(ကိုယ်ပိုင်ကားရှိတာ
ကောင်းတယ်၊
ကိုယ်ပိုင်ကားမရှိတာ
ကောင်းတယ်)
၃း၃၀ Kids Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၉၈)
၄း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(CHIGO AIR CONDITION-
ERS ၏ Dealers ဆိုင်များအား
ဂုဏ်ပြုဆုချီးမြှင့်ပွဲ)
၅း၀၀ FMF Selection
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama
(ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၅)
၇း၂၅ သွားမယ်စားမယ်
(HYPER Food Fusion)
၇း၅၀ ပန်းချီပြခန်း
(Nine Art Exhibition)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဟိုတယ်လမ်းညွှန်
(Mandalay Sedona Hotel)
၉း၀၀ နှယဉ်ဆန်းထွင်
သစ်သီးအလှဆင်
(အရံဟင်းလျာအလှဆင်နည်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"ပြောင်းလဲမရတဲ့အချစ်"
(အပိုင်း-၉၉)
၁၀း၁၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ
ချစ်တဲ့ကာလပေါ်တေးအရသာ
(မောင်သိန်းဝင်း၏တေးများ)
၁၀း၂၅ အစွမ်းထက်မြက်. . .
မြန်မာ့ဆေးစွမ်းတစ်လက်
၁၀း၄၅ တိရစ္ဆာန်ဉယျာဉ် (နေပြည်တော်)
၁၁း၁၅ Talent Show
(ကြည်နူးခံစားအမျိုးသမီးတို့ရဲ့
ဆိုင်းလက်သံများ)
၁၁း၃၀ ဘဝများ
(ဂီတပညာရှင်နိုင်ဇော်၏ဘဝ)
၁၂း၀၀ Activities In The City
-အေးငြိမ်းချမ်းသာ
အောင်ဘာလေထီဆိုင်၏
သိန်း(၅၀၀)အပိုဆုနှင့် နှစ်ပတ်
လည်အခမ်းအနား
-အမေ့အိမ်၏(၁၄)နှစ်မြောက်
မှတ်တိုင်
၁၂း၃၀ လွမ်းတင်သည့်ကြိုး
(ဇင်ဝိုင်း၊ ဇင်မျိုး၊
မြတ်ကေသီအောင်၊
အိဖြိုးချယ်ရီ)
(ဒါရိုက်တာ-Nova)
၁၂း၄၅ စက်မှုစီးပွားထုတ်ကုန်အား
(Myanmar Marina)
၁း၁၅ Shooting Location
(ခင်ယုမေအိမ်)
၁း၃၅ စွဲမက်ဖွယ်ရာရတနာ
(ကြည်လင်အေးမြ
မြကျောက်အလှ)
(အပိုင်း-၂)
၂း၀၀ ရန်ကုန်မြင်ကွင်းကျယ်
(CHIGO AIR CONDITION-
ERS ၏ Dealers ဆိုင်များအား

MRTV-4 အစီအစဉ်များကို ရန်ကုန်
ရှိးရှိးVHF တီဗွီအင်တင်နာဖြင့် အလွယ်
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
ဖမ်းယူကြည့်ရှုနိုင်

ရွာဖြစ်သွားခဲ့ကြောင်းရှင်းပြပါသည်။

တစ်ဆက်တည်းမှာပင် အဘ ဦးညွန့်မောင်က "ယခုလက်ရှိထူးကြီးမြို့ကတော့ အဘတို့ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူး၊ ဖွံ့ဖြိုးတိုးတက်လာလိုက်တာ အံ့မခန်းပါပဲ" မှန်ပေသည်။ ထူးကြီးမြို့သည် မြို့ပြတစ်ခုအလား ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်နေ၍ ကျွန်တော်တို့အဖို့ လေ့လာဖွယ်ရာများက မကုန်နိုင်တော့ချေ။

လမ်းပန်းဆက်သွယ်ရေးအားဖြင့်လည်း အချက်အချာကျလှပေသည်။ ထူးကြီးဘူတာသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းပေါ်တွင်တည်ရှိပြီး ဟင်္သာတ-ဘုရားပေါ်၊ ဘုရားပေါ်-သရက်၊ သရက်-မင်းလှ ခရီးစဉ်များကို လက်ရှိပြေးဆွဲပေးလျက်ရှိသည်။

အလားတူ ကြံခင်း-ပုသိမ်၊ ကြံခင်း-ဟင်္သာတသို့ စာပို့လွန်းပြန်ရထား၊ လော်ကယ်ရထားတို့ဖြင့်လည်းကောင်း၊ ဟင်္သာတ-ဘုရားပေါ်၊ ဘုရားပေါ်-သရက်၊ သရက်-မင်းလှခရီးစဉ်များကို RBE ရထားဖြင့်လည်းကောင်း၊ ဟင်္သာတ-ထူးကြီးသို့ ကားရထားဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိရာ ထူးကြီးဘူတာတွင် တစ်နေ့လျှင် ပျမ်းမျှခရီးသည် ၂၅၀ နှင့် ၃၀၀ ကြားရှိကြောင်း သိရသည်။

ကျွန်တော်တို့သတင်းအဖွဲ့ကို အံ့သြဘနန်းဖြစ်စေသည့် ထူးကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ မြို့ကျက်သရေ ဆောင် မြို့ခန်းမ၊ e-Library နှင့် ဥပဓိရုပ်ကောင်းမွန်လှသော ကျောင်းများပင်ဖြစ်ပါသည်။

ထူးကြီးမြို့ မြို့ခန်းမကို ၂၀၀၂ ခုနှစ် မတ် ၂၄ ရက်က စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၅ ခုနှစ် မတ် ၂၆ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပေသည်။ ကုန်ကျငွေစုစုပေါင်း ကျပ် ၂၂၃ သိန်းကျော်ရှိပြီး ပရိသတ် ၆၀၀ ကျော်ဝင်ဆံ့သည်။ ခမ်းနားထည်ဝါမှုက မြို့၏ကျက်သရေကို ဂုဏ်ရောင်ပြောင်စေသည်။

အလားတူ ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်တို့ကလည်း ဒေသအတွက် လူ့စွမ်းအား အရင်းအမြစ်များကို များစွာမွေးထုတ်ပေးလျက်ရှိသည်။ ကျွန်တော်တို့သတင်းအဖွဲ့သည် ကျောင်းခန်းမရှိ အဆိုပါကျောင်းမှ မွေးထုတ်ပေးခဲ့သော တပ်မတော် အရာရှိများ၊ ထူးချွန်ကျောင်းသားများ၏ ဓာတ်ပုံများကို အစီအရီ တွေ့မြင်ခဲ့ရသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၂၄ ပေရှိ သံကူကွန်ကရစ် အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ တစ်ခန်းလျှင် ကျောင်းသားဦးရေ ၄၈ ဦးဆံ့ စာသင်ခန်း ခြောက်ခန်းပါဝင်ပြီး ကွန်ပျူတာခန်းနှင့် မာလ်တီမီဒီယာစာသင်ခန်း တစ်ခန်းစီ ပါဝင်သည်။ တန်ဖိုးအားဖြင့် ငွေကျပ် ၁၈၆၈ သိန်းဖြစ်သည်။

ထို့အတူ RC သံကူကွန်ကရစ် အမျိုးအစားတိုးချဲ့ကျောင်းဆောင်သစ်မှာလည်း စာသင်ခန်း သုံးခန်းနှင့် ခန်းမဆောင် တစ်ဆောင်ပါဝင်ပြီး တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၈၀၀ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်တီတီက "လက်ရှိကျောင်းသားဦးရေ ၁၅၄၇ဦးရှိပြီး အင်္ဂပူမြို့နယ်တွင် ကျောင်းသားဦးရေ အများဆုံးဖြစ်ကြောင်း၊ ဂုဏ်ထူးရရှိမှု၊ အောင်ချက်မြင့်မားမှုကြောင့် အင်္ဂပူမြို့နှင့် ရွာနီးချုပ်စပ်တို့မှ ကျောင်းသား၊ ကျောင်းသူများပင် လာရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ယခင်က ကျောင်းနှင့် အတန်းဦးရေ မမျှမတဖြစ်ခဲ့ရကြောင်း၊ ယခုတိုးချဲ့ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်သစ်တို့ကို ထပ်မံဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့၍ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် ကြီးကြပ်ပံ့ပိုးသူ ဝန်ကြီးဦးသိန်းအောင်နှင့် အလှူရှင်များအား ကျောင်းသားမိဘများ သာမက ဒေသခံပြည်သူများကပါ အလွန် ကျေးဇူးတင်လျက်ရှိကြကြောင်း"ဖြင့် ပြောကြားသည်။

ထူးကြီးမြို့တွင် ရတနာတန်းဝင်ကျွန်းပင်များကို ဤသို့ ပျိုးထောင်စိုက်ပျိုးထားစဉ်။

ဆက်လက်၍ ထူးကြီးမြို့ (၈) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိခဲ့ကြရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်က "လက်ရှိကျောင်းသားဦးရေ ၅၀၉ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ဟင်္သာတခရိုင်အတွင်းမှာ ကျောင်းသားဦးရေ အများဆုံးကျောင်းပါပဲ။ မူလကျောင်းဆောင်တုန်းက ကျောင်းသားဦးရေ ၄၀၀ ကျော်ရှိပြီး အတန်းနဲ့ ကျောင်းသားဦးရေ မမျှခဲ့ဘူး။ ဒါကြောင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ အုတ်ညှပ် ကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်ကို အသစ်မွမ်းမံဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီမူလတန်းကျောင်းက နိုင်ငံတော်ကို အကျိုးပြုတဲ့ နိုင်ငံ့သားကောင်းရတနာများကို ရွေးယခင်ကတည်းက မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ယခုလို အသစ်ပြုပြင်မွမ်းမံ ဖွင့်လှစ်ပေးခဲ့တဲ့အတွက် ဒေသခံတွေအားလုံး ဝမ်းသာမဆုံးဖြစ်နေကြပါတယ်"ဟုရှင်းလင်းပြောကြားပါသည်။

ထူးကြီးမြို့(၈) ရပ်ကွက်ရှိ မူလတန်းကျောင်း။

ထူးကြီးမြို့၏ လက်ရှိပညာရေး အခင်းအကျင်းစီမံမှုများက အနာဂတ်အတွက် များစွာအထောက်အကူဖြစ်စေသကဲ့သို့ ကြီးပွားရေး e-Library စာကြည့်တိုက်ကလည်း ဒေသခံပြည်သူများ၏ အသိပညာ ဗဟုသုတကိုပိုမိုမြင့်မားစေပါလိမ့်မည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် သုတရသ စာအုပ်ပေါင်း ၁၄၈၇၉ အုပ်ရှိသည်။

စာအုပ်များကို အလှူရှင်များက အခါအားလျော်စွာ ပေးပို့လှူဒါန်းလျက်ရှိကြပြီး စာဖတ်ရှုသူအင်တာနက်ကြည့်ရှုသူ တစ်နေ့လျှင် ပျမ်းမျှ ၁၂၀ မှ ၁၆၀ ဦးအထိရှိသည်။ ၂၀၀၇ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆု ဒုတိယ၊ ၂၀၀၉ ခုနှစ်တွင် ပထမဆုများပင် ဆွတ်ခူးရရှိခဲ့ဖူးသည်။ လက်ရှိအသင်းဝင်ပေါင်း ၄၄၇၉ ဦးအထိ ရှိသည်။

ထို့အတူ အလယ်စုကျေးရွာတွင်လည်း "အောင်မြင်သူ" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ပြီးဖြစ်သည်။

အဆိုပါ ထူးကြီးမြို့ အခြေခံပညာကျောင်းများနှင့် ကြီးပွားရေး e-Libraryစာကြည့်တိုက်တို့က ဒေသအတွင်း ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များနှင့် အသိပညာ ဗဟုသုတ ပိုမိုမြင့်မားသူတို့ကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ "ပညာပြည့်ဝ နှလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာပြီးနိုင်စွာ၏"ဟူသော မဃဒေဝကျမ်းနှင့်အညီ ထူးကြီးမြို့သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်ပင်။

ယခု ပစ္စက္ခကာလတွင်လည်း ထူးကြီးမြို့သည် ထူးကြီးမည်သော ဤနာမနှင့်အညီ ကဏ္ဍအလိုက် ထူးထူးခြားခြား၊ ကြီးကြီးမားမား ဖွံ့ဖြိုးတိုးတက်လျက်ရှိပေသည်။

သို့ဖြစ်ရာကား လောကတွင် မမေ့အပ်သောအကြောင်းအရာ ငါးပါးတွင် မိမိချက်မြှုပ်မွေးဖွားရာဇာတိချက်ကြွေ မွေးရပ်မြေသည် လည်းပါဝင်ပေရာ ထူးကြီးမြို့သူ၊ မြို့သားများအပါအဝင် နိုင်ငံသားအားလုံးသည် မိမိမြို့၊ မိမိရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေသတွင်း၌ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ထူးကြီးမြို့ အထကကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

	မြတ်ကေသီအောင်၊
	အိဖြိုးချယ်ရီ)
	(ဒါရိုက်တာ-Nova)
၁၂း၄၅	စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၁း၁၅	Shooting Location (ခင်ယုမေအိမ်)
၁း၃၅	စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
၂း၀၀	ရန်ကုန်မြင်ကွင်းကျယ် (CHIGO AIR CONDITION-ERS ၏ Dealers ဆိုင်များအား
	ဂုဏ်ပြုဆုချီးမြှင့်ပွဲ)
၂း၁၅	ရွှေဖြစ်မည့်ရတနာအစစ်. . .
၂း၂၅	စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၂း၄၅	ငြိမ့်ညောင်းသာယာစောင်းပညာ
၃း၁၅	ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၃း၂၅	SGED သက်ကြီးဆရာဝန်စောင့်ရှောက်ရေး
၃း၄၀	ရဲတပ်ဖွဲ့ကိုဂုဏ်ပြုစေသား မိုးမြင့်ထက်မှ လင်းယုန်များ
၄း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မအူပင်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများဖွင့်

ရန်ကုန် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းများကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် အောင်ဟိတ်ကျေးရွာအုပ်စု၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်ဥပဒေအရာရှိ ဦးသောင်းညွန့်က ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်စိုးတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မဲရုံသရုပ်ပြအစီအစဉ်ကိုပြသပြီး မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအုပ်စု ၇၆ အုပ်စု၌ စုရပ် (၁၁)နေရာ သတ်မှတ်ကာ စက်တင်ဘာ ၂ ရက်မှ ၁၅ ရက်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်း မလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့ မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်ကြီးအောင် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းသည် မြန်မာ့မူပိုင် အားကစားနည်းဖြစ်ပြီး ပျော်ရွှင်မှု၊ ကျန်းမာမှုနှင့်တကွ စုပေါင်းတာဝန်ယူမှု အစရှိသည့် မွန်မြတ်သော စည်းလုံးညီညွတ်မှုကိုပေးစွမ်းနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်ကြောင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ဖွဲ၊ လုံ့လ၊ ဝီရိယရှိခြင်း စသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေပြီး စာရိတ္တကောင်းမွန်ခြင်းနှင့် လူမှုဆက်ဆံရေးကို အထောက်အပံ့ဖြစ်စေကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်းကို ပြည်သူလူထုအတွင်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြန့်ပွားစေခြင်းဖြင့် ကမ္ဘာသို့တိုင်အောင် တင်ဆက်နိုင်ရန် ရည်ရွယ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ကို ထိန်းသိမ်းမြှင့်တင်ရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုသတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့်အတူ ရုပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု၏ ကူညီပံ့ပိုးမှုဖြင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကိုပါ ပူးတွဲကျင်းပပေးခြင်းဖြစ်ပြီး ထူးခြားချက်အနေဖြင့် မြန်မာ့ရိုးရာခြင်းခတ် ကစားနည်း အရသာကို အပြည့်အဝခံစားနိုင်စေရန် အလှခတ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယက သုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးဘိုကြီး (လူမှုထူးချွန်တတိယဆင့်) (ရုပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု)၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး သူရဦးအေးမြင့်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးက အားကစားဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်သိန်း ၈၀ ကို ပေးအပ်ရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားများက သရုပ်ပြ ခတ်ကစားကြပြီးနောက် ပြိုင်ပွဲကို စတင်ကျင်းပသည်။ အဆိုပါပြိုင်ပွဲကို ယနေ့မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနကိုယ်စားပြု အသင်းသုံးသင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးကိုယ်စားပြုအသင်း ရှစ်သင်းနှင့် ကလပ်အသင်း ၂၂ သင်း စုစုပေါင်း အသင်း ၃၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် တံခွန်စိုက်တန်း၊ အမျိုးသား ၁၀ ပေါက်တန်းပြိုင်ပွဲ၊ ရုပ်ပျိုဖလားပြိုင်ပွဲအနေဖြင့် တံခွန်စိုက်တန်း အမျိုးသား အလှခတ်ပြိုင်ပွဲ၊ အမျိုးသား လေးပေါက်တန်းပြိုင်ပွဲနှင့် အမျိုးသား အလှခတ်၊ အမျိုးသမီး အလှခတ်ပြိုင်ပွဲများ ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံး ခတ်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီအစည်းအဝေး အမှတ် (၁/၂၀၁၀)ကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အာရှနှင့် ပစိဖိတ်ဒေသရုံးမှ အကြီးတန်းစာရင်းအင်းပညာရှင်၊ FAO ဌာနေကိုယ်စားလှယ်နှင့် လုပ်ငန်းနှင့် နီးနွယ်သော ဌာနများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က အဖွင့်အမှာစကား ပြောကြားပြီး FAO ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် ဗန်ကောက်မြို့ (FAO) အာရှနှင့် ပစိတ်ဖိတ်ဒေသရုံးမှ အကြီးတန်းစာရင်းအင်းပညာရှင် Dr. Jairo C. Galvez တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း အမျိုးသားစီမံကိန်း ဒါရိုက်တာ ဒေါက်တာဝင်းထွန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအပေါ် တင်ပြဆွေးနွေးပြီး FAO ၏ နည်းပညာအကူအညီပေးရေး စီမံကိန်း ဦးဆောင်အကြံပေးပညာရှင် Ms. Josie B.Perez က လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ဆောင်ရွက်ချက်များနှင့် အစီအစဉ်များအပေါ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ပထဝီဝင်ဆိုင်ရာ မြေပုံရေးဆွဲထုတ်လုပ်ခြင်း လုပ်ငန်းရပ်များအပေါ် ဦးဆောင်ကော်မတီဝင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောလှိုင်က ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် ရန်ပုံငွေလိုအပ်ချက်များအပေါ် ဦးဆောင်ကော်မတီဝင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်က ရှင်းလင်းတင်ပြပြီး အမျိုးသား စီမံကိန်းဒါရိုက်တာ ဒေါက်တာဝင်းထွန်းက ဦးဆောင်ကော်မတီ အစည်းအဝေးမှ စဉ်းစားဆုံးဖြတ်ပေးရမည့် အချက်များကို ရှင်းလင်းတင်ပြဆွေးနွေးရာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြု ဆုံးဖြတ်ကြသည်။

ယင်းနောက် ယခုကျင်းပသည့် ဦးဆောင်ကော်မတီ အစည်းအဝေးနှင့် စပ်လျဉ်း၍ FAO ဌာနေကိုယ်စားလှယ် Dr. Shin Imai က သုံးသပ်ကျေးဇူးတင်စကား ပြောကြားပြီး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီအစည်းအဝေး အမှတ် (၁/၂၀၁၀)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

အထက(၁) သံဖြူဇရပ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

သံဖြူဇရပ် စက်တင်ဘာ ၄

သံဖြူဇရပ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ယခု အထက-၁)တွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် အသက် (၆၀) နှင့်အထက် အငြိမ်းစားယူသွားခဲ့ကြသည့် ဆရာ၊ ဆရာမများအား တပည့်ဟောင်းများမှ ဒီဇင်ဘာ ၂၇ ရက်တွင် မြတ်ဆရာပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ရပ်ဝေးမှ လှူဒါန်းလိုသူများသည် ဒေါ်ရီရီစန်း မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် သံဖြူဇရပ်မြို့ ဖုန်း - ၀၅၇ - ၇၉၅၁၀၊ တိုက်ရိုက်လှူဒါန်းနိုင်ပြီး ဦးညွန့်ကြည် ဖုန်း - ၀၅၇ - ၇၉၄၆၄၊ ဦးညဏ်ဟိန်း ဖုန်း - ၀၅၇ - ၇၉၄၂၈၊ ဦးအောင်ထူး ဖုန်း - ၀၅၇ - ၇၉၆၇၈၊ ဒေါ်ညိုညိုသန်း ဖုန်း - ၀၅၇ - ၇၉၀၁၃၊ ဒေါ်နှင်းညွန့် (ပင်ရှာ) ဖုန်း-၀၉-၈၇၁၈၃၉၉၊ ကိုမျိုးလွင်ဦး (သံဖြူဇရပ်အသင်း-ရန်ကုန်) ဖုန်း-၀၁-၇၂၁၈၁၈၊ ကိုမောင်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၈၀၁၃၄၇၁၊ ကိုငွေးနိုင်(ရန်ကုန်) ဖုန်း-၀၉-၅၃၀၀၉၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မြေယာရှင်းအလှ ဆောင်ရွက်

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဆိုင်းဘုတ်ရှေ့တွင် ဝန်ထမ်းများ မြေယာရှင်းအလှ စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အမျိုးသားဟော်ကီပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ကျင်းပသည်။

တက်ရောက်

ပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်း၊အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဟော်ကီအားကစားဝါသနာရှင် ပရိသတ်များ၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

ပြိုင်ပွဲမစတင်မီ တာမွေ အထက(၄) ဘင်ခရာအဖွဲ့က ကွင်းအတွင်း လှည့်လည်၍ ပရိသတ်များအား ဖျော်ဖြေကြသည်။

ထို့နောက် ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကို စတင်ကျင်းပရာ တပ်မတော်(ရေ) အသင်းက တပ်မတော်(လေ) အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်မည်

စက်တင်ဘာ ၅ ရက်တွင် ပထမပွဲစဉ်အဖြစ် မွန်းလွဲ ၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် SMART YOUTH အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၄နာရီတွင် တပ်မတော်(လေ)နှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်း အမှာစကားပြောကြားစဉ်။ (၁၉)

ရတနာပုံ၊ ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ နိုင်ပွဲပျောက်ဆုံးခဲ့ကြ

တောင်ကြီး စက်တင်ဘာ ၄

၂၀၁၀ MNLအမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၅)ကို ယနေ့ညနေပိုင်းက ကျင်းပရာ တောင် ကြီးမြို့ရှိ KBZ ကွင်း၌ ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ ဂိုးမရှိသရေ၊ မန္တလေးမြို့ရှိ ဗထူးကွင်း၌ ရတနာပုံနှင့် နေပြည်တော်တို့ တစ်ဂိုးစီသရေကျပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် မနောမြေက ဇွဲကပင်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(KBZကွင်း)

ကမ္ဘောဇ - ဂိုးမရှိ
ရန်ကုန်ယူနိုက်တက်- ဂိုးမရှိ

ရန်ကုန်ယူနိုက်တက် အသင်းမှာ ကမ္ဘောဇအသင်းကို အဝေးကွင်းတွင် သရေရလဒ်သာ ကစားနိုင်ခဲ့သော်လည်း ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲတွင် ထိပ်ဆုံးမှ ရတနာပုံအသင်းမှာလည်း နေပြည်တော်အသင်းကို သရေသာကစားနိုင်ခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက်များ မကုန်ဆုံးခဲ့ခြင်းဖြစ်သည်။ အိမ်ကွင်းတွင် ရလဒ်ကောင်းများရရှိနေသည့် ကမ္ဘောဇအသင်းမှာ သရေတစ်မှတ်သာရရှိခဲ့သော်လည်း ရန်ကုန်အသင်းကို အပြန်အလှန် ကစားသွားနိုင်ခဲ့သည်။ အသင်းကြီးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍နှစ်သင်းစလုံး အမှားမခံဘဲကစားသွားကြသည်။ရန်ကုန်ယူနိုက်တက် အသင်းမှာ ဟန်ဆန်၊ မျိုးမင်းထွန်း၊ လီယိုနာဒို၊ ချာလက်စ်အိုဘီတို့ဖြင့် လူစုံထုတ်ကာ နိုင်ပွဲရရှိရန် ကြိုးစားခဲ့သော်လည်း ကမ္ဘောဇ ခံစစ်ကို မကျော်နိုင်ခဲ့၍ ဂိုးသွင်းခွင့်သိပ်မရခဲ့ပေ။

ကမ္ဘောဇအသင်းမှာ စိုးမင်းဦးနှင့် စထက်နိုင်ဝင်း တိုက်စစ်အတွဲဖြင့် ကစားခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် စိုးမင်းဦး၏ အဝေးမှကန်သွင်းချက်ကို ရန်ကုန်ဂိုးသမား အောင်အောင်ဦး ခက်ခက်ခဲခဲ ကာကွယ်ခဲ့ရသည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းမှာ အနိုင်ရရှိရေးအတွက် တိုက်စစ်အားတင်ခဲ့ပြီး ဒေးဗစ်ဒါရိုချာ၏ ပြစ်ဒဏ်ဘောနှင့် မျိုးမင်းထွန်း၏ အပိုင်ကန်သွင်းမှုများကို ကျော်ဇင်ထက် ကာကွယ်ခဲ့ရသည်။ ပွဲပြီးခါနီးတွင် ကမ္ဘောဇအသင်းပြန်ဖိလာနိုင်သော်လည်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြ၍ ပထမအကျော့ အတိုင်း ဂိုးမရှိသရေ ရလဒ်ဖြင့်သာပြီးဆုံးခဲ့သည်။

(ဗထူးကွင်း)

နေပြည်တော် - တစ်ဂိုး
(ပြည့်ဖြိုးဦး)
ရတနာပုံ - တစ်ဂိုး
(အက်စလေ)

(သုဝဏ္ဏကွင်း)

မနောမြေ - သုံးဂိုး
(ဝင်းဇော်အောင်၊ ကျော်မျိုးဝင်းနှင့် အီမန်နျူရယ်)
ဇွဲကပင်ယူနိုက်တက် - နှစ်ဂိုး
(အောင်အောင်ဟိန်းနှင့် အောင်ဇော်လတ်)

ယနေ့ပွဲ

(တောင်ကြီး KBZကွင်း)
ဉဿာယူနိုက်တက် - မကွေး
(သုဝဏ္ဏကွင်း)
ဇေယျာရွှေမြေ-Southern Myanmar

(ကြေးမုံ)

ရန်ကုန်ယူနိုက်တက်အသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ကမ္ဘောဇဂိုးသမား ကျော်ဇင်ထက် ကာကွယ်စဉ်။ (ကြေးမုံ)

၂၀၁၂ ဥရောပဖလားခြေစစ်ပွဲများ စတင်ကျင်းပ အင်္ဂလန်အတွက် ဂျာမိန်းဒီဖိုး ဟက်ထရစ်ဂိုးသွင်းယူ

ဝင်းတင် (ကြေးမုံ)

လန်ဒန် စက်တင်ဘာ ၄

၂၀၁၂ ဥရောပဖလား ခြေစစ်ပွဲများကို စက်တင်ဘာ ၃ ရက်ညနှင့် ၄ ရက်နေ့ နံနက်ပိုင်းတို့တွင် ကျင်းပခဲ့သည်။ ခြေစစ်ပွဲအဖွင့်ပွဲစဉ်များတွင် အင်္ဂလန်နိုင်ငံ ဝင်ဘာလေကွင်း၌ အိမ်ရှင် အင်္ဂလန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်က ဂျာမိန်းဒီဖိုး၏ ဟက်ထရစ်ဂိုးနှင့် အတူ လေးဂိုးပြတ်ဖြင့် နိုင်ပွဲစတင်ရရှိသွားသည်။

ယှဉ်နိုင်ခြင်းမရှိ

ဧည့်သည် ဘူလ်ဂေးရီးယားတွင် အီဗန်နော့ဗ်၊ မီလာနော့ဗ်၊ မာတင်ပက်ထရော့ဗ်၊ ဘိုဂျီနော့ဗ်နှင့် ပိုပော့စသည့် အမာခံကစားသမားများ ပါဝင်ခဲ့သော်လည်း ဝေါလ်ကော့၊ ဂျရတ်၊ ဘယ်ရီနှင့် မေလ်နာတို့၏ အင်္ဂလန်ကွင်းလယ်အားကို ယှဉ်နိုင်ခြင်းမရှိသည့်အပြင် ဂျာမိန်းဒီဖိုးနှင့် ဝိန်းရွန်နေးတို့ ဦးဆောင်သည့် တိုက်စစ်ကိုလည်း ဟန့်တားနိုင်ခြင်းမရှိခဲ့ပေ။ အင်္ဂလန်အတွက် ဂိုးများကို ပွဲချိန် ၃ မိနစ်၊ ၆၁ မိနစ်နှင့် ၈၆ မိနစ်တို့တွင် ဂျာမိန်းဒီဖိုးနှင့် ၈၃ မိနစ်တွင် ကွင်းလယ်ကစားသမား အဒမ်ဂျွန်ဆင်တို့က သွင်းယူခဲ့သည်။ တိုက်စစ်မှူး ဝိန်းရွန်နေးမှာ ပွဲချိန်ပြည့်ပါဝင်ကစားခဲ့သော်လည်း အင်္ဂလန်အတွက် ဂိုးပေါက်ပျောက်နေဆဲပင်ဖြစ်သည်။

ပါဝင်ကစား

ယခုပွဲတွင် အင်္ဂလန်အသင်း၌ ဂိုး-ဂျိုးဟတ်၊ နောက်တန်း-ဂလင်းဂျွန်ဆင်၊ ဂျာဂီရယ်ကာ၊ ဒေါ်ဆင်(ကာဟေးလ်) နှင့် အက်ရှ်လေကိုး၊ အလယ်တန်း-ဝေါလ်ကော့(အဒမ်ဂျွန်ဆင်)၊ ဂျရတ်၊ ဘယ်ရီ၊ မေလ်နာ၊ ရှေ့တန်း- ဂျာမိန်းဒီဖိုး (အက်ရှ်လေယန်း)နှင့် ဝိန်းရွန်နေးတို့ ပါဝင်ကစားသွားခဲ့သည်။

အင်တာနက်။

ခြောက်ပတ်ခန့်နားရတော့မည့် မိုက်ကယ်ဒေါ်ဆင်။

အခြားပွဲစဉ်ရလဒ်များ

ဘယ်လ်ဂျီယံ	၀ - ၁	ဂျာမနီ
အင်ဒိုရာ	၀ - ၂	ရုရှား
အက်စ်တိုးနီးယား	၁ - ၂	အီတလီ
ပြင်သစ်	၀ - ၁	ဘီလာရုစ်
ဆွီဒင်	၂ - ၀	ဟန်ဂေရီ
ဆမ်မာရီနို	၀ - ၅	နယ်သာလန်
ဂရိ	၁ - ၁	ဂျော်ဂျီယာ
မွန်တီနီဂရိုး	၁ - ၀	ဝေးလ်
ပေါ်တူဂီ	၄ - ၄	ဆိုက်ပရပ်စ်
လက်ချင်စတိန်း	၀ - ၄	စပိန်

အင်္ဂလန်အတွက် အဖွင့်ဂိုးကို ဂျာမိန်းဒီဖိုးက ဤကဲ့သို့သွင်းယူခဲ့သည်။

မိုက်ကယ်ဒေါ်ဆင် ခြောက်ပတ်ခန့်နားရတော့မည်

လန်ဒန် စက်တင်ဘာ ၄

အင်္ဂလန်နှင့်စပါးနောက်ခံကစားသမား မိုက်ကယ်ဒေါ်ဆင်သည် ခြေထောက်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရတော့မည်ဖြစ်သည်။ အသက် (၂၆)နှစ်ရှိ ဒေါ်ဆင်သည် ဝင်ဘာလေကွင်း၌ ကစားခဲ့သည့်ဘူလ်ဂေးရီးယားနှင့်ပွဲတွင် ပွဲချိန် ၅၅ မိနစ်၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဝဲဘက်ခြေထောက်ကျိုးသွားခဲ့သည့် ဒေါ်ဆင်မှာ အနည်းဆုံး ငါးပတ်မှ ခြောက်ပတ်အထိ နားရတော့မည်ဖြစ်ခြင်းကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၈) ဖူလ်ဟမ်နှင့် ပွဲစဉ်အထိ အနားယူရဖွယ်ရှိနေသည်။

အင်တာနက်။

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၅-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ (ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (စာသင်ကျောင်းက ခေါင်းလောင်းသံ)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အလေးမခြင်းရဲ့ကောင်းကျိုးများ)
၁၀း၄၀	တေးစီးရီး (တနင်္ဂနွေမိုးရေစက်များ-မိုးမိုး)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ပန်းရည်စုပ်ငှက်များ)
၁၂း၁၀	ဘဝတစ်ကွေ့ အတွေ့အကြုံ (လွမ်းလျက်ရှိနေ အမိတက္ကသိုလ်မြေ) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ သုံးပုံစကားသိမှတ်ဖွယ်ရာ
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	သိလိုသမျှမေးကျန်းမာရေး
၁း၂၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မြတ်နိုးစရာကျေးရွာတေးကဗျာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၃၅	ဂန္ထဝင်ရင်ခုန်သံ(၁၂)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွှေးသီတေးပန်းခို
၆း၃၀	သုတစုံကြွယ်သီစေဖွယ် (သူများပျော်လို့မပျော်နိုင်)
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	Talk on Line (ယုဇန) နိုင်ငံရေးဦးတည်ချက်
၇း၃၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (ဇော်ဝင်းနိုင်) စီးပွားရေးဦးတည်ချက်
၈း၄၀	လယ်ယာစီးပွား (ချဉ်ပေါင်လျှော်တိုးချဲ့စိုက်ပျိုးရေး)
၈း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၉း၀၀	ရင်တွင်းခံစားတေးသီချင်းများ (သင်းသင်းခိုင်)
၉း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၃၀	ခေတ်မရွေးသောတေး
၁၀း၀၀	အစီအစဉ်ပြီး၏။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၄) ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၄)တွင် ကိုရီးယားမင်းသမီးလီဟားနား မြန်မာပြည်လာမည်၊ နိုင်ငံတကာရေနံကုမ္ပဏီကြီးများတွင် တာဝန်ထမ်းဆောင်ရန် မြန်မာလုပ်သားများကို UNITEAM MARINE က သုံးနှစ်ကြာ သင်တန်းပေးရန် စီစဉ်၊ လူကုန်ကူးသူများ ကျောင်းများကို ပစ်မှတ်ထားလာ၊ တရုတ်စစ်သင်္ဘော မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ၊ အဲအေးရှားမှ ဈေးနှုန်းလျှော့ပွဲသန်းခြင်းကြောင့် နာမည်ကြီး လေကြောင်းလိုင်းများ ထိခိုက်မှုရှိလာ၊ စင်ကာပူနှင့် မလေးရှားသို့ အလုပ်ခေါ်စာဖြင့် အလွယ်တကူ သွားရောက်နိုင်၊ အလှဖန်တီးရှင် မိတ်ကပ်အောင်အောင်(တောင်ကြီး) ကွယ်လွန်၊ လမ်းသရဲအုပ်စု မြန်မာရွှေ့ပြောင်းလုပ်သားများကို ပစ်မှတ်ထား ရန်ရှာလာ၊ ပြည်ပတွင် ပညာသင်ကြားမည်ဆိုလျှင် ငါးသိန်းတန်ဖုန်း ဘယ်လိုသုံးမလဲ စသည့် ပြည်တွင်းရေးရာသတင်းများနှင့် အတူ မိတ်ဆွေစစ် Myanmar CHANNEL၊ သမုဒ္ဒရာရေနက်ပိုင်းမှ ထူးထူးဆန်းဆန်း သတ္တဝါများကို စူးစမ်းရှာဖွေခြင်း Myanmar Discovery၊ 'နိုင်ငံခြားမှာ ကျောင်းတက်မယ်ဆိုရင်တော့ စာတော်ရုံနဲ့ မပြီးသေးဘူး' အမေရိကန်နိုင်ငံ Berea ကောလိပ်သို့ ပညာသင်ဆုလေးနှစ်စာ ရရှိသော မြန်မာနိုင်ငံ၏ ပထမဆုံး ကျောင်းသား မောင်စိုင်းအောင်စိုးလင်းနှင့် တွေ့ဆုံခြင်း၊ အထပ်မြင့် အဆောက်အအုံများ လျှပ်စစ်နှင့်မီးဘေးကာကွယ်မှု သတိပြုရန်(၂၁)ချက်၊ ဆရာကြီး မင်းသုဝဏ်နှင့် ဒေါ်ပုံမြစ်အတွင်း နစ်မြုပ်နေသော ခေါင်းလောင်းကြီး၊ အမိကမ္ဘာမြေကို ကယ်တင်ပါကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အာဆီယံ စီးပွားရေးကတော့ တောင့်တင်းခိုင်မာနေဦးမှာပါ' ထိုင်းဘဏ္ဍာရေးဝန်ကြီး ကွန်ချာတီကာဝန်နစ်နှင့် NEWS WEEK မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ၁၀ နှစ်တာကာလအတွင်း စင်ကာပူ၌ အမြဲတမ်းအခြေချနေထိုင်သူအရေအတွက် နှစ်ဆတိုးပွားလာ၊ ဖမ်းဆီးထားသော အမေရိကန်လူမျိုးအား မြောက်ကိုရီးယားက ပြန်လွှတ်ပေးခဲ့၊ တရုတ်လူငယ်များ တရုတ်အက္ခရာစာလုံးများ ရေးသားနည်း မေ့ပျောက်လျက်ရှိ၊ မယုံဘူးလား ကျွန်မအသက် (၁၄)နှစ်၊ Twitter နှင့် You Tube ပိတ်ဆို့ဟန့်တားမှု မြောက်ကိုရီးယားက တောင်ကိုရီးယားကို ဝေဖန်ပြစ်တင်၊ အသည်းဆဲလ်ဖန်တီးနိုင်ပြီ၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့် သားဖြစ်သူတို့ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဘုဒလက်ကုန်းကျေးရွာ ရေတွင်းတူးဖော်နေမှုကို ဩဂုတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညဏ်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော် ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ၏ ထေရုပ္ပတ္တိ အကျဉ်း

ဖွားမြင်တော်မူခြင်း - ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် တောင်စွန်းမြို့ ခမည်းတော် ဦးဘိုးရင်၊ မယ်တော် ဒေါ်လှအေးတို့မှ ၁၂၇၈ ခုနှစ် ပြာသိုလဆန်း ၄ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း-ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး ၁၂၉၇ ခုနှစ် တန်ခူးလတွင် ဘဏ္ဍာကျောင်း ဆရာတော် ဦးဝိသာရဒကို ဥပဇ္ဈာယ်ပြု၍ ယင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း - ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက် ဆရာတော်ကြီးများထံတွင် စာချတန်းဆိုင်ရာ ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက် သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း - ဆရာတော်သည် ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက်တွင် ပရိယတ္တိစာပေများကို ၁၃၀၉ ခုနှစ်မှစ၍ ပို့ချခဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် သုတ္တန္တပိဋကတ် သုတ်ပါထေယျပါဠိတော် သံဂီတိသုတ်ကို အာဂုံဘာဏကအဖြစ်လည်းကောင်း၊ သံဂီတိကာရကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်ဗုဒ္ဓသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း - ဆရာတော်ကြီးသည် သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်းသက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါအရ ၁၃၇၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက် (၄-၉-၂၀၁၀) စနေနေ့ နံနက် ၈ နာရီအချိန်တွင် ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၆၂ လက်မနှင့် ရွှေဘိုမြို့တွင် ၁ ဒသမ ၅၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၅ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၅ဒသမသုညဒီဂရီစင်တီဂရိတ်)၉၅ ဒီဂရီဖာရင်ဟိုက်		၃-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၆ဒသမသုညဒီဂရီစင်တီဂရိတ်)၇၉ဒီဂရီဖာရင်ဟိုက်		၄-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၄-၉-၂၀၁၀
မိုးရေချိန်	မရှိပါ	၄-၉-၂၀၁၀

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ပြည်သူ့ထံမှ ပေးစာများ

မော်ဘီစုပေါင်းရုံး-နှောကုန်းကျေးရွာလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

မော်ဘီမြို့နယ် စုပေါင်းရုံးနှင့် နှောကုန်းကျေးရွာ ဆက်သွယ်ထားသော ဖွံ့ဖြိုးရေးလမ်းမှာ ယခုအခါ ပျက်စီးလျက်ရှိရာ စက်ဘီး၊ ဆိုက်ကား၊ မော်တော်ဆိုင်ကယ်များ သွားရေးလာရေးခက်ခဲနေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရွာသူ၊ရွာသားများ

မှျစ်ချဉ်နံ့ပတ်ဝန်းကျင်ပျံ့နှံ့ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား

ပျဉ်းမနားမြို့နယ် ရန်အောင် (၁) အောင်မင်္ဂလာရပ်ကွက် (၃)လမ်းတွင် မှျစ်ချဉ်ရောင်းဝယ်ရေးမှ အုတ်ကန်ကြီးများ တည်ဆောက်၍ မှျစ်ချဉ်များ သိုလှောင်အချဉ်သိပ်ရာမှ စိမ့်ထွက်လာသော မှျစ်ချဉ်ရည် အနံ့ဆိုးကြောင့် ပတ်ဝန်းကျင်ရှိနေအိမ်များမှ မိသားစုများ၊ သက်ကြီးရွယ်အိုနှင့် ကလေးများ နေ့စဉ် အနံ့ဆိုးများခံစားရပြီး ၎င်းမှျစ်ချဉ်အရည်ကြောင့် ပတ်ဝန်းကျင်ရှိ ရေတွင်းများမှ ရေများပုပ်ကုန်၍ ကျန်းမာရေးထိခိုက်စေပါသဖြင့် တားဆီးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ရေပြန်လည်ရရှိရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား

သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် (တိုင်းရင်းသားကျေးရွာအနီး)ရှိ ရတနာအိမ်ရာဝင်းအတွင်း ယခုနှစ်အစောပိုင်းမှစ၍ ရေပေးဝေမှု ပြတ်တောက်သွားသောကြောင့် ရေအခက်အခဲ ကြုံတွေ့နေရပါသဖြင့် ရေရရှိရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရတနာအိမ်ရာမိသားစုများ

စက်သံဆူညံ ညှော်နံ့နံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ သခင်မြလမ်းရှိ အိမ်တစ်အိမ်တွင် နေ့စဉ် မွန်းလွဲပိုင်းမှ ည ၁၀ နာရီကျော်အထိ လုပ်ငန်းသုံးစက်ကြီး အသုံးပြုလျက်ရှိရာ စက်သံဆူညံပြီး ညှော်နံ့များပျံ့နှံ့နေပါသောကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

လမ်းမပေါ်ဈေးရောင်း သန့်ရှင်းမှုမရှိ

စာတည်းရှင့်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်ရှိ ပြည်သော်တာလမ်းမတစ်လျှောက်နှင့် လမ်းဖြတ်ထိပ်ဝများတွင် စည်းကမ်းမဲ့ဈေးရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများနှင့် ယာဉ်များ သွားလာရာတွင် အခက်အခဲကြုံကြရပါသည်။ ထို့အပြင် ဈေးသည်များ၏ အညစ်အကြေးစွန့်မှု၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှုများကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

သတ်မှတ်ဈေးနေရာတွင် ရောင်းချစေချင်

စာတည်းခင်ဗျား-

ဖြူးမြို့နယ် ဈေးကြီး၏တောင်ဘက်မျက်နှာစာရှိ အထက(၁)ကျောင်းလမ်းတွင် ကုန်စိမ်းနှင့် ကုန်မျိုးစုံရောင်းချလျက်ရှိရာ လမ်းပိတ်ဆို့မှုကြောင့် ကျောင်းသားလူငယ်များ ယာဉ်အန္တရာယ်စိုးရိမ်ရပါသည်။ အဆိုပါ ဈေးသည်များအား သတ်မှတ်ထားသော ယာယီဈေးနေရာသို့ ပြောင်းရွှေ့ရောင်းချစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဖြူးမြို့သား

ရေစီးရေလာကောင်းမွန်စေလို

စာတည်းခင်ဗျား-

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၊ ဇာကဒွန်းရပ်၊ ၆/၇ လမ်းရှိ ရေသွားလမ်းမြောင်းထဲတွင် ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်များ အခိုင်အမာတည်ဆောက်ထားရာ ရေစီးဆင်းမှုမရှိ၍ ခြင်၊ ယင်များ ပေါက်ပွားနေသဖြင့် ရေမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

နွားမွေးခြံအနံ့ဆိုးနံ့ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းစံပြကျေးရွာ၊ အင်းပေါက်စု၊ ဇေယျာသုခလမ်းမကြီးအစွန်ရှိ လူနေအိမ်ခြံဝင်းအတွင်း၌ နွားများမွေးမြူလျက်ရှိရာ အဆိုပါ မွေးမြူရေးခြံမှ နွားချေးနှင့် အညစ်အကြေးအနံ့ဆိုးများ ပျံ့နှံ့နေမှုကြောင့် ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေပါသည်။ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာသန့်ရှင်းလိုသူ**

ကြက်မွေးမြူရေးခြံ အနံ့ဆိုးနံ့ ဆောင်ရွက်ပြီးစီး

၂၂-၇-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စစ်ကိုင်းမြို့၊ ထုံးဘိုတိုက်နယ်၊ မင်းစံရပ်ကွက်မှ **ကြက်မွေးမြူရေးခြံ အနံ့ဆိုးနံ့** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

သွားလာရေးခက်ခဲမှု ဆောင်ရွက်ပြီးစီး

၂၁-၈-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဘိုကလေးမြို့မှ **လမ်းပေါ်ဆိုင်ဆောက် သွားလာရေးခက်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

၂၀၂၅ ခုနှစ်အမီ လူသားစေလွှတ်မည့် ဂြိုဟ်သိမ်နှစ်ခု နာဆာရွေးချယ်ထား

အင်တာနက် အာကာသသိပ္ပံသတင်း
ဘာသာပြန်-မောင်ငြိမ်း

နယူးယောက် စက်တင်ဘာ ၄

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီသည် လူလိုက်ပါသည့် အာကာသယာဉ်များ စေလွှတ်နိုင်မည့် ဂြိုဟ်သိမ်များကို ရွေးချယ်စိစစ်လျက်ရှိရာ ဂြိုဟ်သိမ်နှစ်ခုသာလျှင် နောင်လာမည့် နှစ် ၂၀ အတွင်း လူလိုက်ပါသည့် အာကာသယာဉ် စေလွှတ်နိုင်မည့် အခြေအနေတွင်ရှိကြောင်း စက်တင်ဘာ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

နာဆာ၏ ဂြိုဟ်သိမ်လေ့လာရေးအစီအစဉ်သည် အာကာသယာဉ်မှူးများအနေဖြင့် လအနည်းငယ်အတွင်း သွားရောက်နိုင်မည့် အကွာအဝေးတွင်ရှိသော ဂြိုဟ်သိမ်ကို ရွေးချယ်ရမည်ဖြစ်ကြောင်း နာဆာ၏ ဂြိုဟ်သိမ်လေ့လာရေး အစီအစဉ် အကြီးအကဲက ပြောကြားသည်။

ဂျပန် လူမဲ့ အာကာသယာဉ် တစ်စင်း ဆင်းသက်လေ့လာခဲ့ဖူးသည့် အီတာကာဝါ ဂြိုဟ်သိမ်။

အခြား လိုအပ်ချက်တစ်ခုမှာ အာကာသယာဉ် စေလွှတ်မည့် ဂြိုဟ်သိမ်သည် ကမ္ဘာမြေ အခြေစိုက် အဝေးကြည့်မှန်ပြောင်းများဖြင့် လှမ်း၍စောင့်ကြည့် လေ့လာနိုင်သော အကွာအဝေးတွင် ရှိရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ လက်ရှိနာဆာအဖွဲ့က စိစစ်ရွေးချယ်ထားသော ဂြိုဟ်သိမ်နှစ်ခုကသာ ၂၀၂၅ ခုနှစ်တွင် ဂြိုဟ်သိမ်တစ်ခုပေါ်သို့ လူသား စေလွှတ်နိုင်ရေးအတွက် လိုအပ်ချက်များပြည့်မီကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုရွေးချယ်ထားသော ဂြိုဟ်သိမ်နှစ်ခုအနက် တစ်ခုသို့ ၂၀၂၀ ခုနှစ်တွင် လူသားကို စေလွှတ်နိုင်မည်ဖြစ်ပြီး အခြားတစ်ခုဆီသို့ ၂၀၂၅ ခုနှစ်တွင် စေလွှတ်နိုင်မည်ဖြစ်သည်။

နာဆာအဖွဲ့သည် ဂြိုဟ်သိမ်ပေါ်သို့ လူသားစေလွှတ်မည့် အစီအစဉ်ကို ၂၀၂၀ ခုနှစ် မတ်လ ၁၁ ရက်တွင် စတင်နိုင်ရန် မျှော်လင့်ထားပြီး သွားရောက်မည့် ဂြိုဟ်သိမ်မှာ ၂၀၀၉ အိုအက်စ်-၅ ဟု အမည်ရှိသော ဂြိုဟ်သိမ်ဖြစ်ဖွယ်ရှိသည်။

အင်တာနက်။

မင်းတုန်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်၊ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် မင်းတုန်းခန်းမ၌ကျင်းပသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အင်အား ၃၄၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာပုံ၊ ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ နိုင်ပွဲပျောက်ဆုံးခဲ့ကြ။

သတင်း-စာမျက်နှာ (၁၁)

အင်္ဂလန်နှင့် စပါးနောက်ခံ ကစားသမား မိုက်ကယ် ဒေါ်ဆင် ခြောက်ပတ်ခန့်နား။

သတင်း-စာမျက်နှာ (၁၁)